ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 23 December 2016 (၈၇၈၄)

# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅)နှစ်ပြည့် အထိမ်းအမှတ် စိန်ရတုသဘင်ဖွင့်ပွဲ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာပေ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြင့်မားတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅)နှစ်ပြည့်အထိမ်းအမှတ် စိန်ရတုသဘင်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့နှင့် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာစာအဖွဲ့ဝင် မြန်မာစာပညာရှင်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅)နှစ်ပြည့်အထိမ်းအမှတ် စိန်ရတုသဘင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# သပိတ်တောင် ကျေးလက်ကျန်းမာရေးဦးစီးဌာနက လူနာများအား လူမျိုးဘာသာမရွေး ကုသပေးလျက်ရှိ

**မောင်တော ဒီဇင်ဘာ ၂၂**

သပိတ်တောင် ကျေးလက်ကျန်းမာရေးဦးစီးဌာနသည် ဘူးသီးတောင်မြို့နယ် တောင်ပိုင်းရှိ သပိတ်တောင်ကျေးရွာတွင်ရှိပြီး လာရောက်ဆေးကုသသည့် လူမျိုးဘာသာပေါင်းစုံလူနာများအား နွေးထွေးပျူငှာစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

လက်ရှိကျန်းမာရေးဆောင်ရွက်မှုနှင့်ပတ်သက်ပြီး သပိတ်တောင်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကျော်မင်းထွန်းက "ကျွန်တော်တို့ သပိတ်တောင်ကျေးလက်ကျန်းမာရေးဌာနက လူမျိုးမရွေး၊ ဘာသာမရွေး နေ့ရောညပါ ဆေးဝါးကုသပေးနေပါတယ်။ ဆေးခန်းဖွင့်ချိန် မနက် ၉ နာရီကနေ ညနေ ၄ နာရီအပြင် ညအိပ်ပြီးလည်း ကုသပေးလျက်ရှိပါတယ်။ လူမျိုးဘာသာ ခွဲခြားတာမျိုးလည်း မရှိပါဘူး။ အကုန်လုံးကို လူနာလို့သတ်မှတ်ပြီးတော့ ကုသပေးပါတယ်"ဟု ပြောသည်။

သပိတ်တောင်ကျေးရွာသည် အစ္စလာမ်ဘာသာဝင်ရွာ သုံးရွာနှင့် တိုင်းရင်းသားရွာတစ်ရွာဖြင့်စုဖွဲ့ထားပြီး အစ္စလာမ်ဘာသာဝင်ဦးရေ အများဆုံးနေထိုင်သည့်ကျေးရွာဖြစ်သည့်အတွက် လာရောက်ကုသသည့် လူနာအများစုမှာလည်း အစ္စလာမ်ဘာသာဝင်များဖြစ်ကြောင်း သိရသည်။

သပိတ်တောင်ကျေးလက်ကျန်းမာရေးဦးစီးဌာနတွင် ကျန်းမာရေးမှူး အပါအဝင် ဝန်ထမ်းငါးဦးရှိကြောင်း၊ သပိတ်တောင်ကျေးလက်ကျန်းမာရေးဌာနတွင် ဌာနခွဲ ရှစ်ခု၊ ပင်မဌာနတစ်ခု စုစုပေါင်း ဌာနခွဲကိုးခုရှိကြောင်း၊ လူထုအခြေပြုဆေးခန်းများတွင် ဆေးဝါးများကို အခမဲ့ကုသပေးကြောင်း၊ လက်ရှိဖြစ်ပွားသောရောဂါများမှာ မိုးရာသီမှ ဆောင်းရာသီ အကူးအပြောင်းကာလတွင်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အဖြစ်များကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

အမှုအခင်းများခြင်းနဲ့ စိတ်ရောဂါ
စာမျက်နှာ - ၇

မောင်တောဒေသ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်းသတင်းရယူ
စာမျက်နှာ - ၉

KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်

လူမျိုးတိုင်းလူမျိုးတိုင်းသည် မိမိနိုင်ငံကို မြတ်နိုးသောစိတ်၊ မိမိလူမျိုးအပေါ် ချစ်သောစိတ်ရှိကြသည်နှင့်အတူ မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးကို ဆောင်ရွက်လိုစိတ်လည်း အနည်းနှင့်အများ ရှိတတ်ကြသည်။ ထိုသို့သောစိတ်ဓာတ်ကို လက်တွေ့အကောင်အထည် ဖော်ရန်အတွက် အချုပ်အခြာအာဏာပိုင်သောနိုင်ငံ၊ လွတ်လပ်သော နိုင်ငံအဖြစ် တည်ရှိနေရမည်ဖြစ်သည်။

အကယ်၍သူတစ်ပါးလက်အောက်ရောက်နေပါက အမိနိုင်ငံ လွတ်လပ်ရေးအတွက် လူမျိုးတိုင်းသည် အသက်သွေးချွေးစတေးကာ လွတ်လပ်ရေး ပြန်လည်ရရှိရန် တိုက်ပွဲဝင်ကြသည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ပြန်လည်ရရှိရန်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။ နှစ်ပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီးမှ ရရှိနိုင်သည်။ လွတ်လပ်ရေးရရှိရန် အရင်းအနှီး၊ အချိန်များစွာပေးဆပ်ရသော်လည်း လွတ်လပ်ရေးဆုံးရှုံးရန်အတွက်မူ လွယ်ကူသည်ကို ၁၈၈၅ ခုနှစ် မြန်မာ့ထီးနန်းဆုံးရှုံးမှုဖြင့် သက်သေပြခဲ့သည်။

မြန်မာနိုင်ငံ၏ ရှေးနှစ်ပေါင်း တစ်ရာကျော်မှအဖြစ်အပျက်ကို ပြန်ပြောင်းလေ့လာကြည့်လျှင် ထီးကျိုးစည်ပေါက် ကျွန်သပေါက် ဘဝသို့ရောက်ရခြင်းမှာ တိုင်းပြည်အတွင်း စည်းလုံးညီညွတ်မှုယိုယွင်း ခြင်းနှင့်ခေတ်နှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော အတတ်ပညာ၊ နည်းပညာနှင့်လက်နက်အင်အား၊ နည်းပရိယာယ် များကွာခြားနေသောကြောင့် လွတ်လပ်ရေးဆုံးရှုံးရခြင်းဟု အကြမ်း ဖျင်းဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ ကုန်းဘောင်ခေတ် မင်းဆက် ၁၁ ဆက်ကာလ အတွင်းနိုင်ငံကို သုံးပိုင်းပိုင်းကာ သုံးကြိမ်သုံးရပ်ကျွန်ပြုခဲ့သည်။ ကျွန်သက်ရှည်ရေး နည်းပရိယာယ်များဖြင့် နယ်ချဲ့တို့က စနစ်တကျ အုပ်ချုပ်နိုင်သောကြောင့် မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာခန့် ကျွန်ပြုနိုင်ခဲ့သည်။ ထိုသို့ကျွန်ပြုနိုင်ခြင်းသည် မြန်မာနိုင်ငံသားများမှာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် နည်းပါးသည်ဟု မဆိုနိုင်ချေ။ အချုပ်အခြာ အာဏာပိုင်နိုင်ငံ၊ လွတ်လပ်သောနိုင်ငံမဖြစ်သရွေ့ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တိုးပွားအောင် ပြုလုပ်ရန်မှာခက်ခဲ လှသည်။

နိုင်ငံတစ်နိုင်ငံကို ကျွန်ပြုရန်အတွက် လက်နက်အင်အားဖြင့် နယ်ချဲ့ခြင်းကို အချိန်တိုအတွင်း ပြုလုပ်နိုင်သလို ကျွန်သက်ရှည်ရေး အတွက်မူ သွေးခွဲအုပ်ချုပ်ခြင်းနည်းကိုအသုံးပြု၍ စည်းလုံးညီညွတ်မှု ပြိုကွဲရေးကို နည်းပရိယာယ်တစ်ရပ်ဖြင့် အားထုတ်ကြသည်။

နှစ်ပေါင်းတစ်ရာခန့် သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရသည့် ဆိုးမွေမှာ လက်နက်အင်အားဖြင့် တိုက်ခိုက်နယ်ချဲ့ ခြင်းဒဏ်ထက် အဆပေါင်း များစွာ၊ နှစ်ပေါင်းများစွာခံကြရသည်။ တစ်နည်းဆိုသော် လက်နက် ဖြင့်တိုက်ခိုက်ခြင်းထက် စိတ်ဓာတ်ဖြင့်တိုက်ခိုက်ခြင်းသည် နှစ်ပေါင်း တစ်ရာမက နာလန်မထူနိုင်ဟုဆိုချင်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀နီးပါး ရှိပြီဖြစ်သော်လည်း ကိုလိုနီနယ်ချဲ့တို့၏ဆိုးမွေများကို ခံစားနေရဆဲ ဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက် နည်းစနစ်ကျ သောနယ်ချဲ့၏ကောင်းမွေများ ကျန်ရစ်ခဲ့သလို ယနေ့ထက်တိုင်ဖြေရှင်း မရနိုင်သောဆိုးမွေများ ကျန်ရစ်ခဲ့သည်မှာ အထူးပြောဖွယ်မရှိချေ။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သကဲ့သို့ လွတ်လပ်ရေး ရပင်ရငြားသော်လည်း လွတ်လပ်ရေးအရသာကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ရေးအတွက် လွတ်လပ်ရေးနှင့်ထိုက်တန်သော လွတ်လပ်မှု၊ လွတ်လပ်ရေးနှင့်ထိုက်တန်သော တန်းတူညီမျှ အခွင့်အရေးရရှိမှု၊ လွတ်လပ်ရေးနှင့်ထိုက်တန်သော တိုးတက်မှု၊ လွတ်လပ်ရေးနှင့် ထိုက်တန်သော စည်းလုံးညီညွတ်မှုများရှိရမည် ဖြစ်သည်။

အထူးပြောလိုသည်မှာ လွတ်လပ်ရေး ရရှိပင်ရရှိငြားသော်လည်း လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်နိုင်ငံအတွင်း မှီတင်းနေထိုင် ကြသူနိုင်ငံသားများ စည်းလုံးညီညွတ်မှုမရှိပါက ရရှိထားသော လွတ်လပ်ရေးမှာ လွတ်လပ်ပင်လွတ်လပ်သော်ငြားလည်း ဆုံးရှုံးမှု နှင့်မခြားရှိနေမည်ကို သတိချပ်သင့်ပေသည်။ ။

## အမျိုးသားအဆင့် သူနာပြုနှင့် သားဖွားနီးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၂**

လူနာများကို စိတ်ချမ်းသာမှုအများဆုံး ပေးနိုင်သူများမှာ သူနာပြုများဖြစ်ပြီး ဆေးရုံတက်ချိန်မှ စတင်ကာ ဆေးရုံဆင်းသည့်အချိန်အထိ သူနာပြုများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး ပါကြောင်းဖြင့် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားအဆင့် သူနာပြုနှင့် သားဖွားနီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးခြင်းအားဖြင့် ပြည်သူများ စိတ်ချမ်းသာမှု ရရှိမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင်လည်း တစ်ဦးတစ်ယောက်တွင်သာ တာဝန်ရှိသည်ဟုမမှတ်ယူဘဲ ဆေးရုံအုပ်မှအစပြုကာ ဆရာဝန်၊ သူနာပြုအစရှိသော ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့် အားလုံးတာဝန်ယူ ပူးပေါင်းဆောင်ရွက်မှသာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အောင်မြင်မည်ဖြစ်ပါကြောင်း။

ဆေးရုံများတွင် Hospital Infection Control လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး ပေရာ အထူးဂရုပြုဆောင်ရွက်ကြစေ လိုကြောင်း၊ သူနာပြုစုမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးလူမှု ဆက်ဆံရေးမှုများနှင့်လည်း ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း တို့မှလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သူနာပြုနှင့်သားဖွားအတတ်ပညာကို စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးနိုင်စေရန်နှင့် အာဆီယံနိုင်ငံများအကြား အပြန်အလှန် အသိအမှတ်ပြုနိုင်ရေးတို့ကို ဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းခွင်နှင့်လိုက်လျောညီထွေ အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်စေရန်၊ သူနာပြုနှင့် သားဖွား တူညီဝတ်စုံများကိုလည်း အသစ်သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။

သူနာပြုတက္ကသိုလ်များ သူနာပြု/ သားဖွားသင်တန်းကျောင်းများ ယခုထက်ပိုပြီး အဆင့်အတန်းမြင့်လာစေရန် သင်ကြားပုံနည်းစနစ်များ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်စေရန်အတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရှင်များနှင့်လည်း ကွန်ရက်ချိတ်ဆက်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆေးပညာကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်၊ သုတေသနဆိုင်ရာကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များကို အထူးအလေးထား၍ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ သူနာပြု/သားဖွား ကျောင်းအုပ်ကြီးများအနေဖြင့်လည်း မိမိတို့၏ကျောင်းများကို မိမိတို့အိမ်ကဲ့သို့ သဘောထားကာ ယခုထက် ပိုမိုအရည်အသွေး ကောင်းမွန်စေရန် ဆောင်ရွက်ကြစေလိုပါကြောင်း။

အရည်အချင်းပြည့်ဝသည့် သူနာပြုနှင့် သားဖွားများကို လေ့ကျင့်မွေးထုတ်ပေးကာ နိုင်ငံတော်၏အကျိုးကို ဆထက်ထမ်းပိုးဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သူနာပြု၊ သားဖွားလုပ်ငန်းများ ဆောင်ရွက်နေမှုပြခန်းငယ်ကို ကြည့်ရှုအားပေးသည်။

နီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အိမ်ရှင်မြန်မာနှင့်ထိုင်းအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

၂၀၁၇ အာရှယူ -၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဂ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်းနှင့်ထိုင်းအသင်း ဂိုးပြတ် အနိုင်ရယူပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

မြန်မာ ယူ ၁၉ - လေးဂိုး

ကာဂျစ္စတန် ယူ ၁၉ - ဂိုးမရှိ

အိမ်ရှင်မြန်မာအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ရန် အဓိကပြိုင်ဘက်ဖြစ်သည့်ထိုင်းအသင်းနှင့်ရမှတ်တူသော်လည်း ဂိုးကွာခြားချက်တွင် နည်းခဲ့သောကြောင့်ခြေစစ်ပွဲအောင်ရန် ထိုင်းနှင့်နောက်ဆုံးပွဲတွင် မဖြစ်မနေအနိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည်တိုက်စစ်မှူးဂျူလိုင်ကျော်၏ ဟက်ထရစ် အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း လေးဂိုးသာသွင်းယူနိုင်ခဲ့သောကြောင့် ထိုင်းထက် ဂိုးအရေအတွက်နည်းခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပါလက်စတိုင်းကိုဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ ၂၂ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့သည်။ ယင်းဂိုးမှာ ဘယ်တောင်ပံကစားသမား နန့်မေသဇင်၏ ကန်သွင်းမှုကို ကာဂျစ္စတန်ဂိုးသမား ကာကွယ်ရာမှ ဂိုးဝင်သွားခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း တောက်လျှောက်တိုက်စစ်ဆင်ခဲ့ပြီး ၃၄ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရသော်လည်း ဂိုးနှင့်လွဲခဲ့ရသည်။ ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် ရုန်းကန်ခဲ့ရသော်လည်း မိနစ် ၅၀ ကျော်တွင် ဂိုးများဆက်တိုက်ရခဲ့သောကြောင့် ဖိအားလျော့သွားခဲ့သည်။ ပထမပိုင်းတွင် ပင်နယ်တီလွဲခဲ့သည့် ဂျူလိုင်ကျော်က ၅၃၊ ၅၈ မိနစ်တွင် နှစ်ဂိုးဆက် သွင်းယူခဲ့ပြီး ဂျူလိုင်ကျော်က ဟက်ထရစ်ရစေမည့် ဂိုးကို ၆၃ မိနစ်တွင် သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ဂိုးထပ်မံရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးကံခေခြင်းကြောင့် လေးဂိုးဖြင့်သာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ပထမပွဲတွင် ထိုင်းအသင်းက ပါလက်စတိုင်းအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

**(ရှိုင်းထက်ဇော်)**

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရေး ဖြူးမြို့နယ်စာရေးဆရာအသင်း အစည်းအဝေးကျင်းပ

**ဖြူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်စာရေးဆရာအသင်းက ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့ ပဲခူးလမ်းရှိ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပ သည်။

အစည်းအဝေးတွင် မြို့နယ်စာရေးဆရာအသင်း နာယက ဦးမြင့်ဦး (ဖြူးမြင့်ဦး)က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း)က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များက စာဆိုတော်နေ့ အထိမ်း အမှတ် စာပေဟောပြောပွဲ ကျင်းပနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် များကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့် NGO အဖွဲ့များ၊ စာပေချစ်သူများ၏ ပူးပေါင်းပါဝင် အကူအညီများ ရယူ၍ စာပေဟောပြောပွဲကျင်းပသွားရန် အကြံပြု ဆွေးနွေးကြကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နှိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၁၀၆၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**❒ ရှေ့ဖုံးမှ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းမှတ်တိုင်များတွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနကို တည်ထောင်နိုင်ခဲ့ခြင်းသည် သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုနိုင်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကို ယူနီဗာစီတီကောလိပ်အဖြစ် စတင်တည်ထောင်စဉ်က မြန်မာစာဌာနဟူ၍ သီးခြားမရှိသေးကြောင်း။

တက္ကသိုလ်မြန်မာစာ သင်ကြားရေးသည် အရှေ့တိုင်းပညာရပ်များ လေ့လာရေးဌာနအောက်၌သာ ရှိခဲ့ကြောင်း၊ သို့သော် ယူနီဗာစီတီကောလိပ်၏ ပထမဆုံးမြန်မာလူမျိုးကျောင်းအုပ်ကြီး ဖြစ်လာသည့် ဆရာကြီး ဦးဖေမောင်တင်နှင့် ဆရာဦးဇေမောင်၊ ဆရာဦးဝန်၊ ဆရာဦးသိန်းဟန်၊ ဆရာသိပ္ပံမောင်ဝ စသည့် ထူးချွန်ထက်မြက်သည့် တပည့်များ၏ ကြိုးပမ်းချက်ကြောင့် ၁၉၄၁ ခုနှစ်တွင် မြန်မာစာဌာန သီးခြားပေါ်ထွန်းလာခဲ့ပါကြောင်း၊ တိုင်းတစ်ပါးလက်အောက်ခံဘဝတွင် မြန်မာစာဌာနကို ထူထောင်နိုင်ခဲ့ခြင်းသည် မြန်မာတစ်မျိုးသားလုံး၏ မြန်မာစာပေ၊ မြန်မာဘာသာစကားအပေါ် ချစ်မြတ်နိုးမှုကို သက်သေထူထောင်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

ဆရာဦးဖေမောင်တင်၏ ကြိုးပမ်းမှုကြောင့် ၁၉၄၁ ခုနှစ်တွင် စတင်ပေါ်ထွန်းလာခဲ့သည့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ ပထမဆုံးဌာနမှူးမှာ ပါမောက္ခ ဆရာကြီးဦးဇေမောင် ဖြစ်ပါကြောင်း၊ ဒုတိယမြောက် မြန်မာစာဌာန၏ ဌာနမှူးအဖြစ် ဦးစီးဦးဆောင်ပြုပြီး မြန်မာစာသင်ကြားရေးနှင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းခဲ့သူမှာ ဆရာကြီးဦးဝန် (မင်းသုဝဏ်)ဖြစ်ပါကြောင်း။

ထို့နောက်တွင် ပါမောက္ခ ဦးမောင်မောင်ကြီး၊ ဦးတင်ဇ၊ ဦးမြင့်ကြည်၊ ဒေါ်သန်းဆွေ စသည့် ဆရာကြီး ဆရာမကြီးများသည် မြန်မာစာဌာနကို ဆက်လက်ဦးဆောင် ရှေ့ရှုက်ပြုခဲ့ကြကြောင်း၊ ထိုသို့ ၁၉၄၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသည် ယခု ၂၀၁၆ ခုနှစ်တွင် ထူးခြားလှသည့် စိန်ရတုအခါသမယကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ ဖြတ်သန်းခဲ့သည့် ၇၅ နှစ်တာကာလ ခရီးတွင် မြန်မာစာပါမောက္ခ အဆက်ဆက်နှင့် မြန်မာစာ ဆရာ ဆရာမများသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာသင်ကြားမှု ရှင်သန် ထက်မြက်ရေး၊ မြန်မာစာ သုတေသန တိုးတက်ထွန်းကားရေး စသည့် မြန်မာစာအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

မြန်မာစာပေသာမက ကမ္ဘာ့စာပေပါ နှံ့စပ်ကျွမ်းကျင်သည့် ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ဦးဇေမောင်၊ ဆရာကြီး ဦးဝန် (မင်းသုဝဏ်)၊ ဆရာကြီး ဦးသိန်းဟန် (ဇော်ဂျီ) စသောထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်ကြီးများနှင့် စတင်ခဲ့သည့်အတွက် အစကောင်းခဲ့သော မြန်မာစာဌာနဖြစ်လာခဲ့ပါကြောင်း၊ ပါမောက္ခ အဆက်ဆက်ကလည်း မြန်မာစာဌာန ရှင်သန်တိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

မိမိအနေဖြင့်လည်း မိမိဖခင်ကြီး ဦးဆောင်ဦးရွက်ပြုခဲ့သော ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ ၇၅ နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ကြသည့် မြန်မာစာပါမောက္ခ အတော်များများနှင့် သိကျွမ်းခင်မင်ရင်းနှီးခွင့်ရခဲ့ခြင်းသည် ထူးခြားမှုတစ်ခုဖြစ်ပါကြောင်း၊ မြန်မာစာဌာနအပေါ်တွင် မိသားစုသဖွယ် သံယောဇဉ်လည်းရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ မြန်မာစာဌာန ၇၅ နှစ်ခရီးကို အောင်အောင်မြင်မြင် လျှောက်လှမ်းပြီး စိန်ရတုအခါသမယကို ရောက်ရှိလာသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

ယခုကျင်းပသည့် မြန်မာစာဌာန စိန်ရတုသဘင် အခမ်းအနားတွင် သံဃာတော် ၇၅ ပါး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စာပေပညာရှင်များ၏ စာတမ်းဖတ်ပွဲကျင်းပခြင်း၊ မြန်မာစာဌာန စိန်ရတုပြခန်းခင်းကျင်းပြသခြင်း၊ မြန်မာစာပေ စာအုပ်ဈေးရောင်းပွဲ ကျင်းပခြင်း၊ မိတ်ဆုံညစာစားပွဲနှင့် မြန်မာစာ ကျောင်းသားဟောင်း အနုပညာရှင်များနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ၏ ဧည့်ခံဖျော်ဖြေပွဲ ကျင်းပခြင်း အစီအစဉ်များနှင့် ကျင်းပသွားမည်ဟု သိရကြောင်း။

ထို့အပြင် မြန်မာစာဌာန စိန်ရတု အထိမ်းအမှတ် သုတေသနဆုငွေပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းမည်ဟုလည်း သိရကြောင်း၊ ယခုကဲ့သို့ စိန်ရတုသဘင် ပွဲတွင် မြန်မာစာဌာန၏ ဆောင်ရွက်ချက်များသည် မြန်မာစာသင်ကြားမှု တိုးတက်ရေး၊ မြန်မာစာပေဖွံ့ဖြိုးရေး၊ မြန်မာစာ ချစ်စိတ်ရှင်သန်တိုးပွားရေး တို့အတွက် များစွာအထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး အတွက် မိမိတို့၏စာပေ၊ ဘာသာစကားသည် အဖိုးအနဂ္ဃထိုက်သည့် ရတနာတစ်ပါးဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း လူမျိုးတိုင်းသည် မိမိတို့၏ စာပေ၊ ဘာသာစကားကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်မှုများ၊ တိုးတက်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်လျက် ရှိကြကြောင်း၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ စာပေပျောက်လျှင် လူမျိုးပျောက်မည် ဆိုသည့် စကားအတိုင်း မိမိတို့နိုင်ငံ၏ မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာပေ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြင့်မားတိုးတက်ရေးကို မြန်မာတစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဤတာဝန်များကို ၇၅ နှစ်တာကာလအတွင်း၌ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မြန်မာစာဌာန၏ ကြိုးပမ်းမှုများကို ဂုဏ်ပြုပါသည်ဟု ဤနေရာမှ ပြောကြားလိုပါကြောင်း။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အနေဖြင့် ယခုကျရောက်သည့် စိန်ရတုအခါကာလမှသည် ရာပြည့်ခရီးတိုင် အောင်မြင်စွာ ဆက်လက်လျှောက်လှမ်းနိုင်ပါစေ၊ မြန်မာစာ ဆရာ ဆရာမများအနေဖြင့်လည်း မြန်မာစာအကျိုး၊ မြန်မာ့ပညာရေးအကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ၊ မြန်မာစာပေ၊ မြန်မာစာသုတေသန လုပ်ငန်းများ တိုးတက်ထွန်းကားပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်မြန်မာစာ ကျောင်းသား ကျောင်းသူများ ဆက်လက်ပေါ်ထွန်းလာနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အငြိမ်းစား ပါမောက္ခဌာနမှူး၊ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီး ဒေါက်တာခင်အေးက စိန်ရတုသဘင် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စောဌေးမြင့်ကုမ္ပဏီများအုပ်စု၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစောဌေးမြင့်က လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့အား ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက စိန်ရတုအထိမ်းအမှတ် မြန်မာစာသုတေသနဆုငွေပဒေသာပင်အတွက် အလှူငွေကျပ် ၇၅ သိန်းကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅) နှစ်ပြည့်အထိမ်းအမှတ် စိန်ရတုသဘင်အခမ်းအနားတွင် ခင်းကျင်းပြသထားသော မြန်မာစာစိန်ရတုပြခန်းကို ကြည့်ရှုစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေခဲ့သည့်အခန်းကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

# အိုဘားမားနှင့် အာဘေးတို့ ပုလဲဆိပ်ကမ်း၌ တွေ့ဆုံပွဲတွင် အမေရိကန်စစ်ပြန်များတက်ရောက်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**
လာမည့်သီတင်းပတ်တွင် အမေရိကန်သမ္မတ ဘာရက် အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ပုလဲဆိပ်ကမ်းသို့ သွားရောက်သည့်အခါတွင် အမေရိကန်စစ်ပြန်များပါ လာရောက်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် အရာရှိတစ်ဦးက ပြောကြားသည်။ အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာညွှန်ကြားရေးမှူး ဒါနီယယ်လ် ကရိန်းဘရိတ်ခ်က ဝါရှင်တန်မြို့တော်တွင် ဗုဒ္ဓဟူးနေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ရှင်ဇိုအာဘေးသည် လာမည့်သီတင်းပတ် တနင်္လာနေ့တွင် ဟာဝိုင်ယီသို့ သွားရောက်မည်ဖြစ်သည်။ အင်္ဂါနေ့တွင် အိုဘားမားနှင့်တွေ့ဆုံပြီး ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သည့် နှစ်ပေါင်း ၇၅ နှစ်က ဂျပန်နိုင်ငံက ပုလဲဆိပ်ကမ်းအား ဗုံးကြဲတိုက်ခိုက်မှုတွင် ကျဆုံးခဲ့သူများကို ဂါရဝပြုကြမည်ဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် ယူအက်စ်အက် အရီဇိုနား အထိမ်းအမှတ်သင်္ဘောပေါ်တွင် လွမ်းသူ့ပန်းခွေချအလေးပြုသွားမည်ဖြစ်ပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်ရှေ့တွင်လည်း မိန့်ခွန်းများ ပြောကြားမည်ဖြစ်ကြောင်း ကရိန်းဘရိတ်ခ်က ပြောကြားသည်။ တက်ရောက်လာမည့် ဧည့်ပရိသတ်များတွင် ပုလဲဆိပ်ကမ်းဗုံးကြဲတိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူများနှင့် ပစိဖိတ်စစ်ပွဲအတွေ့အကြုံရှိသော စစ်ပြန်များပါဝင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ခေါင်းဆောင်နှစ်ဦးနှင့် စစ်ပွဲမှ အသက်ရှင်ကျန်ရစ်သူများကြားတွင် အပြန်အလှန်အကျိုးပြုမှုများရှိလာလိမ့်မည်ဖြစ်ကြောင်း ကရိန်းဘရိတ်ခ်က ပြောကြားသည်။ ခေါင်းဆောင်နှစ်ဦး၏ ပုလဲဆိပ်ကမ်းသို့ သွားရောက်မှုသည် နှစ်နိုင်ငံကြား စိတ်မချမ်းမြေ့စရာသမိုင်းဖြစ်ရပ်ဆိုးများကို မည်ကဲ့သို့ ကျော်လွှားပြီး မဟာမိတ်နိုင်ငံများဖြစ်လာအောင်စွမ်းဆောင်ခဲ့ပုံများကို လက်တွေ့ပြသမည်ဟု ၎င်းက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**



# ဂျာမနီတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နယူးယောက် ခရစ္စမတ်ဈေးခင်းများ၌ လုံခြုံရေးတင်းကျပ်




**နယူးယောက် ဒီဇင်ဘာ ၂၂**
ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ခရစ္စမတ်ပွဲတော်အကြိုဈေးဝယ်သူများအား အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အလားတူတိုက်ခိုက်မှု ဖြစ်ပေါ်မလာစေရေးအတွက် ရဲတပ်ဖွဲ့က လုံခြုံရေးအစီအစဉ်များကို တင်းကျပ်ထားကြောင်း၊ ဒီဇင်ဘာ ၁၉ ရက်က ဂျာမနီနိုင်ငံ ဘာလင်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၁၂ ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့အတွင်းရှိ ခရစ္စမတ်အကြို ဈေးရောင်းချမည့် ဈေးဆိုင်တန်းများ ဝန်းကျင်၌ လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ဗုံးအန္တရာယ်ခံခွေးများနှင့်အတူ လုံခြုံရေးဆောင်ရွက်နေပုံကို နယူးယောက်မြို့၏ အားလပ်ရက်ဈေးဝယ်ရာ နေရာများဖြစ်သော ကိုလံဘတ်စ်အဝိုင်း၊ ပြည်ထောင်စုရင်ပြင်နှင့် ဘရင့်ပန်းခြံတစ်ဝိုက်တွင် တွေ့မြင်ရသည်။

ကိုလံဘတ်စ်အဝိုင်း ဈေးတန်းတည်ရာတွင် နယူးယောက်ရဲတပ်ဖွဲ့မှ ရွှေ့လျားကွပ်ကဲရေးတပ်ဖွဲ့သုံးယာဉ် ရပ်တန့်ထားသည်ကို တွေ့မြင်ရသည်။ ဘရင့်ပန်းခြံ အောက်ဘက်ရှိ မြေအောက်ရထားဘူတာရုံ၏ စင်္ကြံလမ်းများတွင်လည်း ရဲတပ်ဖွဲ့က ဗုံးအနံ့ခံခွေးများဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ဖွယ်ရှိသော ပစ္စည်းများကို ထောက်လှမ်းရှာဖွေလျက်ရှိသည်။

ခရစ္စမတ်ကာလအတွင်း ပြည်သူများအနေဖြင့် စိုးရိမ်စိတ်ရှိဆဲဖြစ်ကြောင်း နယူးယောက်မြို့ ရဲတပ်ဖွဲ့က လုံခြုံရေးအစီအမံများကို အကောင်းဆုံးလုပ်ဆောင်နေ၍ ၎င်းတို့စောင့်ကြည့်မှုအောက်တွင် ဆိုးရွားသောဖြစ်ရပ်များ ဖြစ်ပေါ်လာဖွယ်မရှိဟု မိမိယုံကြည်ကြောင်း ယင်းဈေးဆိုင်တန်းများမှ ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ ဂျော်ဂျီဟာမက် အလစ္စတာက ပြောကြားသည်။

ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ဂျာမနီနိုင်ငံ ဘာလင်မြို့လယ်ရှိ ခရစ္စမတ်ဈေးခင်းတစ်ခုတွင်ရှိနေသော လူအုပ်အတွင်းသို့ ထရပ်ကားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ၁၂ ဦးထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့သည်။ **ရိုက်တာ။**

# ဂြိုဟ်တုများကို ဖျက်ဆီးပစ်နိုင်စွမ်းရှိသော ဒုံးကျည်သစ် ရုရှားက အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**
အမေရိကန်၏ဆက်သွယ်ရေးနှင့် လမ်းပြဂြိုဟ်တုများအား ဖျက်ဆီးပစ်နိုင်စွမ်းရှိသည့် ဒုံးကျည်လက်နက်သစ်တစ်မျိုးကို ရုရှားနိုင်ငံက အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ပင်တဂွန် စစ်ဌာနချုပ် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားကြသည်။

ပီအယ်လ်-၁၉ နူဒိုးလ်ဟုအမည်ပေးထားသော ဒုံးကျည်ကို ဒီဇင်ဘာ ၁၆ ရက်က စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း၊ ရုရှားနိုင်ငံအလယ်ပိုင်းရှိ အခြေစိုက်စခန်းတစ်နေရာမှ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို အမေရိကန်ထောက်လှမ်းရေးဌာနများက လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

နူဒိုးလ်ဒုံးကျည်ကို ပဉ္စမအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယင်းဒုံးကျည်သည် ရန်သူဒုံးကျည်များကို ဖြိုခွင်းနိုင်ရန် အသုံးပြုနိုင်သည်ဟု ရုရှားနိုင်ငံက ပြောကြားခဲ့ကြောင်း၊ နူဒိုးလ်ဒုံးကျည်ကို တတိယအကြိမ် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခြင်းဖြစ်ကြောင်း ပင်တဂွန်တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါဒုံးကျည်ကို မည်သည့်နေရာမှ စမ်းသပ်ပစ်ခတ်မှုပြုလုပ်သည်ကို အတိအကျမသိရပေ။ အစောပိုင်းကာလက ဒုံးကျည်စမ်းသပ်မှုများကို မြို့တော်မော်စကို မြောက်ဘက် မိုင် ၅၀၀ အကွာ ပလဲဆက်မြို့အနီးရှိ အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့သည်ဟု ဆို၏။

နူဒိုးလ်ဒုံးကျည်ကို အာကာသအတွင်းသို့ ရောက်အောင်ပစ်ခတ်ခဲ့ခြင်း ရှိ၊ မရှိ မသိရကြောင်း၊ အခြားသောနိုင်ငံများ၏ ဒုံးကျည်စွမ်းပကားနှင့်ပတ်သက်၍ မိမိတို့ မှတ်ချက်ပေးပြောကြားလေ့မရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး မစ်ချယ်ဘယ်ဒန်ဇာက ပြောကြားသည်။ အစောပိုင်းစမ်းသပ်မှုများကို ၂၀၁၅ ခုနှစ် မေ ၂၄ ရက်နှင့် နိုဝင်ဘာ ၁၈ ရက်တို့တွင် ပြုလုပ်ခဲ့သည်ဆို၏။ **ရိုက်တာ။**

# အမေရိကန်က ထောက်ပံ့ပေးခဲ့သော ဒရုန်းလေယာဉ်များ ရှေ့တန်းစစ်မြေပြင်တွင် ထိရောက်မှုမရှိဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**
အမေရိကန်က ထောက်ပံ့ပေးခဲ့သော မောင်းသူမဲ့ဒရုန်းလေယာဉ်များသည် ရုရှားထောက်ခံသော ခွဲထွက်ရေးသမားများအား နှိမ်နင်းသည့်စစ်ပွဲ၌ အလုပ်ဖြစ်မည်ဟု ယူကရိန်းအစိုးရအဖွဲ့က မျှော်လင့်ခဲ့သော်လည်း ရှေ့တန်းစစ်မြေပြင်တွင် ယင်းလေယာဉ်များ ထိရောက်မှုမရှိကြောင်း ယူကရိန်းတာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိ မောင်းသူမဲ့လေယာဉ်များသည် အီလက်ထရွန်နစ် နည်းပညာဖြင့် ရန်သူ၏ တိုက်ခိုက်မှုများမှ ကာကွယ်နိုင်စွမ်းမရှိကြောင်း၊ စစ်ထောက်လှမ်းရေးလုပ်ငန်းသုံး ရေဗန် အာရ်ကျူ-၁၁ ဘီ အမျိုးအစား မောင်းသူမဲ့လေယာဉ်များမှာ အီလက်ထရွန်နစ်လှိုင်းများဖြင့် ကြားဖြတ်ဟန့်တားခံရမှုကို ခံနိုင်ရည်မရှိကြောင်း ယူကရိန်း စစ်ဦးစီးချုပ်၏ အကြံပေးပုဂ္ဂိုလ် နာသန်ကာဇင်က ဝေဖန်ပြောကြားသည်။ **ရိုက်တာ။**



# တရုတ်နှင့် ရုရှားကိုဆက်သွယ်ပေးသော အဝေးပြေးတံတားတည်ဆောက်မှု စတင်မည်

**ဟာဘင်း ဒီဇင်ဘာ ၂၂**
တရုတ်နှင့် ရုရှားနိုင်ငံကို ဆက်သွယ်ပေးသော ဟေလုံကျန်မြစ်ကူး အဝေးပြေးတံတားတစ်စင်းကို ပထမဆုံးအကြိမ်အဆိုပြုပြီး ၂၈ နှစ်ခန့်အကြာတွင် တည်ဆောက်မှုစတင်တော့မည်ဟု ဒေသန္တရအာဏာပိုင်များက ယနေ့ထုတ်ပြန်ကြေညာသည်။

နှစ်နိုင်ငံကို ပထမဆုံးဆက်သွယ်ပေးသော အရှည် ၁၉ ဒသမ ၉ ကီလိုမီတာရှိ အဆိုပါ အဝေးပြေးတံတားမှာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်ရှိ နယ်စပ်မြို့တစ်မြို့ဖြစ်သော ဟေဟဲမှ ရုရှားနိုင်ငံရှိ ဘလာဂိုဗက်ချန်မြို့တော်အထိ ရှိမည်ဖြစ်သည်။ ဟေလုံကျန် ပြည်နယ် မော်တော်ယာဉ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ပန်ရန်၏ အဆိုအရ ခန့်မှန်းခြေအားဖြင့် ယွမ် ၂ ဒသမ ၄၇ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၅၅ ဒသမ ၆ သန်း)အကုန်အကျခံ တည်ဆောက်မည့် အဆိုပါတံတားကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

တရုတ်နှင့်ရုရှားအစိုးရများက လမ်းခွန်ကောက်ခံရန်၊ တံတားပြုပြင်ထိန်းသိမ်းရန်နှင့် တံတားဖြတ်သန်းခစီမံခန့်ခွဲရန် ဖက်စပ်ကုမ္ပဏီတစ်ခုတည်ထောင်ရန် စီစဉ်နေကြောင်း ဟေလုံကျန်ပြည်နယ် အဝေးပြေးလမ်းတည်ဆောက်ရေးဗျူရိုအကြီးအကဲ တီယန်လင်က ပြောကြားသည်။ **ဆင်ဟွာ။**

❂ စာမျက်နှာ ၃ မှ
သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ စိန်မင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာစာဌာန စိန်ရတုသဘင်ပွဲကို မြန်မာစာ ချစ်စိတ် ရှင်သန်တိုးပွားလာစေရန်၊ မြန်မာစာ အထူးပြုကျောင်းသား ကျောင်းသူတိုင်း မြန်မာစာကျောင်းသားဖြစ်ရခြင်းကို ဂုဏ်ယူတန်ဖိုးထားလာစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှု အတွက် အထောက်အကူဖြစ်စေရန်၊ မြန်မာစာ သင်ကြားရေးနှင့် မြန်မာစာသုတေသနလုပ်ငန်းများ တိုးတက်ထက်မြက်လာစေရန်၊ မြန်မာစာပေ ကမ္ဘာ့အလယ် ဝင့်ထည်စေရန်နှင့် မြန်မာစာကမ္ဘာတည်သရွေ့ တည်တံ့စေရန်ဟူသည့် ဦးတည်ချက် (၆)ရပ်နှင့်အညီ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(၇၅) နှစ်ပြည့် စိန်ရတုသဘင်ပွဲနှင့်အတူ စာတမ်းဖတ်ပွဲ၊ အာစရိယပူဇော်ပွဲ၊ ညစာစားပွဲနှင့် ဧည့်ခံဖျော်ဖြေပွဲများ၊ မြန်မာစာစိန်ရတုပြခန်းနှင့် စာအုပ်ဈေးရောင်းပွဲများကို ဒီဇင်ဘာ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာရှိ မြန်မာစာ စိန်ရတုပြခန်းနှင့် စာအုပ်ဈေးရောင်းပွဲကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်သို့ ရောက်ရှိပြီး ဖခင်ဖြစ်သူ ဆရာကြီး ဦးဝန်(မင်းသုဝဏ်)နှင့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ နေထိုင်ခဲ့ရာ ပဲခူးဆောင်ရှိ အခန်းများကိုကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရန်ကုန် စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)သို့ ရောက်ရှိပြီး မကြာမီဖွင့်လှစ်မည့် ဆရာကြီး ဒေါက်တာခင်မောင်ညွန့် ကြေးရုပ်တုကို လည်းကောင်း၊ ဒေါက်တာအေးလှိုင်နှင့် ပါမောက္ခ ဦးဝီလျံပေါတို့၏ ကြေးရုပ်တုကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နီလာရတုခန်းမ၌ကျင်းပသည့် ရန်ကုန် စီးပွားရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**




# မြန်မာစာဌာန (၇၅) နှစ်ပြည့်အထိမ်းအမှတ် စိန်ရတုသဘင်ပွဲ ဆင်နွှဲကြရာဝယ်

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

**ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅) နှစ်ပြည့်အထိမ်းအမှတ် စိန်ရတုသဘင်ပွဲကို ရန်ကုန်တက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ အဆိုပါစိန်ရတုသဘင်နှင့် စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က ဆရာကြီး ဆရာမကြီးများအား တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**ဒေါက်တာ ဒေါ်ခင်သန်းဦး (စာရေးဆရာမ မမိုးမြေ)**

ရှေးအစဉ်အဆက် သူတစ်ပါး လက်အောက်မှာနေခဲ့တဲ့ အချိန်က တည်းက မြန်မာလူမျိုးတွေ မြန်မာစာပေထွန်းကားရေးအတွက် နေရာမှန်ကိုရောက်ဖို့အတွက် ဘယ်လောက် ကြိုးစားခဲ့ကြသလဲ။ မြန်မာစာပါမောက္ခ ဖြစ်ခဲ့ဖူးသူတွေ၊ မြန်မာစာဆရာဖြစ်ခဲ့သူတွေ၊ မြန်မာစာကို ဦးဆောင်သူတွေက ပညာရော သီလသမာဓိရော တိုင်းပြည်ပေါ်မှာထားတဲ့ စေတနာ အင်မတန်ကြီးမားတယ်။ မြန်မာစာပေပေါ်မှာထားတဲ့ စေတနာလည်း အင်မတန် ကြီးမားပါတယ်။ အဲဒီလို ကြီးမားတဲ့ စေတနာတွေကို မျိုးဆက်သစ် ဆရာ ဆရာမတွေ၊ လူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေ အားလုံးက နားလည်ခံစားစေလိုတဲ့ စေတနာတွေနဲ့ ပွဲကျင်းပရခြင်း ဖြစ်ပါတယ်။ မြန်မာစာဆရာ တစ်ယောက်က ဘယ်လိုကျင့်ကြံအားထုတ်ရမလဲ၊ တိုင်းပြည်အကျိုး ဘယ်လိုလုပ်ရမလဲ၊ မြန်မာစာ အကျိုးကို ဘယ်လိုသယ်ပိုးရမလဲ ဆိုတဲ့ သဘောလေးတွေကို နားလည်စေချင်တယ်။ အလေးအနက်ထားစေချင်တဲ့ ရည်ရွယ်ချက်မျိုးဖြစ်ပါတယ်။။ မျိုးဆက်သစ်တွေအနေနဲ့ မြန်မာပြည်က ဒို့ပြည်ဖြစ်သလို မြန်မာစာကလည်း ဒို့စာဖြစ်ပါတယ်။ မြန်မာစာတိုးတက်မြင့်မားမှသာလျှင် ကိုယ့်ရဲ့လွတ်လပ်ရေး၊ ကိုယ့်နိုင်ငံတိုးတက်ရေး အရှည်တည်တံ့မှာဖြစ်ပါတယ်။ ဆရာကြီး မင်းသုဝဏ်ကပြောခဲ့သလို ကမ္ဘာ့အတွေးအခေါ်တွေကလည်း မြန်မာအတွေးအခေါ်ဖြစ်လာရမယ်။ အဲဒီလို ဖြစ်လာအောင်လည်း မျိုးဆက်သစ် လူငယ်တွေရော၊ ဆရာ ဆရာမတွေရော အားလုံးက ဘာသာပြန်ကိစ္စတွေ၊ ကမ္ဘာ့အတွေးအခေါ်တွေ၊ မြန်မာမှုပြုတဲ့ကိစ္စတွေကို ဆောင်ရွက်သင့်တယ်။


ဆရာကြီး ဒေါက်တာခင်အေး။


ဒေါက်တာ ဒေါ်ခင်သန်းဦး (စာရေးဆရာမ မမိုးမြေ)။


ဆရာကြီး ဒေါက်တာသန်းဦး။


ဒေါက်တာအောင်မြင့်ဦး (ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ/ဌာနမှူး)

**ဒေါက်တာသန်းဦး (ရန်ကုန်တက္ကသိုလ်)**

မြန်မာစာဌာနရဲ့ (၇၅) နှစ်မြောက်ဆိုတာ ကြုံတောင့်ကြုံခဲ အခါသမယ ဖြစ်ပါတယ်။ နောင်လာနောက်သားတွေ မြန်မာစာကိုဆက်ပြီး ထိန်းသိမ်းပြီး ရှင်သန်တိုးတက်အောင် လုပ်မယ့်လူတွေအတွက် အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ ဒါကြောင့် ဒီအခမ်းအနားကို ဆင်နွှဲကြရတာ၊ အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် အားကျစရာ၊ ဂုဏ်ယူစရာ၊ ရှေ့ဆက်ပြီး တာဝန်ယူအပ်နှင်းတဲ့ ပွဲလို့ပဲ ခံယူပါတယ်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာဌာန ပေါ်လာပြီးတဲ့နောက် မြန်မာစာနဲ့ မြန်မာဘာသာစကားကို ပြန့်ပွားအောင်လို့ ထိန်းကျောင်းသွားဖို့ ရည်ရွယ်ပါတယ်။ မြန်မာစာက မြန်မာစာရဲ့ နေရာမှန်ကိုရယူနိုင်ဖို့ အားထုတ်ကြရပါမယ်။ အခြေခံပညာအဆင့်မှာရော၊ တက္ကသိုလ်အဆင့်မှာရော၊ အသက်မွေးဝမ်းကျောင်း ပညာအဆင့်မှာရော၊ မြန်မာစာရဲ့ နေရာမှန်ရောက်ဖို့ပါပဲ။ ရုံးသုံး၊ ကျောင်းသုံး တင်မကဘူး၊ မြန်မာစာရဲ့နေရာမှန်ကို ရယူပါလို့ မှာချင်ပါတယ်။ မြန်မာစာပေက အမြဲရှင်သန်နေရမယ်။ အမြဲဖြစ်ထွန်းတိုးတက်နေရမယ်။ အဲဒါကို ဆက်လက်ပြီး မနားမနေ အားထည့် အားထုတ် ကြိုးစားကြပါလို့ မှာချင်ပါတယ်။

**ဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ)**

မြန်မာစာဌာနက ၁၉၄၁ ခုနှစ်မှာ သီးခြားဌာနအဖြစ် စပေါ်တော့ ဒီနှစ်က (၇၅) နှစ်ပြည့်ပြီ။ ကိုလိုနီခေတ်ကတည်းက မြန်မာစာကို ဆရာကြီး ဦးဖေမောင်တင်က စပြီး နေရာမှန်ကို ရောက်အောင် ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့တာ။ အခု (၇၅) နှစ်အထိ မြန်မာစာက ဒီနေ့မြန်မာတွေရဲ့ မြန်မာစကားအဖြစ်၊ တက္ကသိုလ်ဘာသာရပ်အဖြစ် ခေတ်အဆက်ဆက်၊ ပါမောက္ခအဆက်ဆက် ဆောင်ရွက်ခဲ့တာ အခု (၇၅) နှစ်ပြည့်တဲ့ အထိမ်းအမှတ်နဲ့ ဒီပွဲကို ကျင်းပတာပါ။ အခမ်းအနားမှာ အဓိကကတော့ စာတမ်းဖတ်ပွဲပါ။ ပညာရှင်တွေ၊ ကျောင်းသားဟောင်းတွေ၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးတွေ၊ မြန်မာစာဌာနက ဆရာ ဆရာမတွေ၊ မြန်မာစာဌာနနဲ့ မြန်မာစာရဲ့ဂုဏ်ကို ဖော်ထုတ်တဲ့ စာတမ်းဖတ်ပွဲကို နှစ်ရက် ဖတ်ကြားမှာ ဖြစ်ပါတယ်။ (၇၅)နှစ် ရောက်တဲ့အထိ မြန်မာစာဌာနမှာ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါတယ်။ (၇၅) နှစ်ပြည့် အခမ်းအနားမှာ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာစာဖွံ့ဖြိုးတိုးတက်ဖို့ အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာအောင်မြင့်ဦး (ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ /ဌာနမှူး)**

၁၉၄၁ ခုနှစ်က စတင်ခဲ့တဲ့ မြန်မာစာဌာန အခု (၇၅) နှစ်ပြည့်မြောက်တဲ့ အချိန်ရောက်ရှိလာပါပြီ။ (၇၅) နှစ်ပြည့် မြောက်တဲ့ အချိန်မှာ မြန်မာလူမျိုးတွေ မြန်မာစာကို ပိုမိုချစ်မြတ်နိုးလာအောင် စေတနာရယ်၊ မြန်မာစာဌာနအနေနဲ့ မြန်မာစာပေကို အထောက်အကူပြုစေချင်တာရယ်၊ မြန်မာစာသင်ကြားရေး၊ မြန်မာစာ သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေဖို့ရယ်ရည်ရွယ်ပြီး ဒီအခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်။ မြန်မာစာဌာန စတင်တည်ထောင်တဲ့အချိန်မှာ ဆရာကြီး ဦးဖေမောင်တင်နဲ့အတူ ဆောင်ရွက်ခဲ့တဲ့ သမ္မတကြီးရဲ့ဖခင် ဆရာကြီး ဦးဝန် (မင်းသုဝဏ်)လည်း တစ်တပ်တစ်အား ပါဝင်ခဲ့သူ ဖြစ်ပါတယ်။ မြန်မာစာဌာနဖြစ်ပေါ်လာပြီးတဲ့ နောက်မှာလည်း သမ္မတကြီးရဲ့ ဖခင်က မြန်မာစာဌာနရဲ့ ဒုတိယမြောက် ပါမောက္ခ/ဌာနမှူးအနေနဲ့ ဒီဌာနရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနရဲ့ (၇၅) နှစ်ပြည့်မြောက်တဲ့ကာလမှာ မြန်မာလူမျိုးတွေအတွက် မြန်မာစာက အရေးပါတဲ့နေရာမှာ ရှိနေတဲ့အချိန် မြန်မာစာရဲ့အခန်းကဏ္ဍကို ဒီစိန်ရတုပွဲကတစ်ဆင့် ပြန်လည်မြှင့်တင်ဖို့ ကြိုးပမ်းတာ ဖြစ်ပါတယ်။ မြန်မာစာကို စာလုံးပေါင်း သတ်ပုံနဲ့ အပြောအဆိုကအစ ပြန်လည်ထိန်းသိမ်းဖို့ လှုံ့ဆော်တဲ့အနေနဲ့ ဒီစိန်ရတုပွဲကို ကျင်းပတာဖြစ်ပါတယ်။

## ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းထောစံနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်က ရေးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါအောင် ကုမ္ပဏီဖြစ်သော ပြည့်အလင်းရောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော ကမ်းနီကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းအား စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကမ်းနီကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းသည် ခွင့်ပြုရန်ပုံငွေ ၁၆ ဒသမ ၈ ကျပ်သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မုံရွာမြို့ နတ်လူထိပ္ပန်ရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်



**မုံရွာ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နတ်လူထိပ္ပန်ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော ပြည်သူများအား မုံရွာမြို့နယ်လဝကရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိမဟာမင်းကျောင်း ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီး အမှတ် (၂)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်၊ တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးမင်းအောင်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း (မုံရွာ)**

✽ ကျောဖုံးမှ

အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီကို ယခုနှစ် ဩဂုတ် ၂၅ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေတွင် အခန်းပေါင်း ၁၇ ခန်းနှင့် အပိုဒ်ပေါင်း (၄၆) ပိုဒ် ပါရှိပါကြောင်း။

ယင်းနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှစတင်ကာ လျှောက်လွှာများကို လက်ခံဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အထိ အမြဲနေထိုင်ခွင့်လျှောက်ထားသူ စုစုပေါင်း ၃၅၀ ရှိသည့်အနက် ၂၆၂ ဦးအား ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေပါ သတ်မှတ်ချက်နှင့် မကိုက်ညီသဖြင့် ငြင်းပယ်ခဲ့သူ ငါးဦးရှိပြီး ဗဟိုကော်မတီက လူတွေ့စစ်ဆေးရန် ကျန်ရှိသူ ၁၅ ဦးနှင့် လုပ်ငန်းကော်မတီက စိစစ်ရန် ကျန်ရှိသူ ၆၈ ဦးတို့အား ဆက်လက်စိစစ်ဆောင်ရွက်သွားရန် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေပါ အကြောင်းအရာများ၊ ခေတ်စနစ်နှင့်အညီ ဖြေလျှော့ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များနှင့် ပြင်ဆင်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ဖြေလျှော့ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေအရ နှစ်နိုင်ငံသားခံယူခွင့်စနစ်ကို ခွင့်ပြုထားခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံ၌ ကာလရှည်ကြာစွာ လာရောက်နေထိုင်ရင်းနှီးမြှုပ်နှံလိုသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည်။

ယခင်က ပြဋ္ဌာန်းထားသည့် နည်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်လေ့လာ၍ ယခုအခါတွင် ခေတ်စနစ်နှင့်အညီ ဖြစ်စေရေးအတွက် ဖြေလျှော့ပြင်ဆင်ဆောင်ရွက်ပြီး မြန်မာနိုင်ငံတွင် ကာလရှည်ကြာလာရောက်နေထိုင်လိုသူများအတွက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# အပင်ဇီဝနည်းပညာနှင့် ဇီဝနည်းပညာများ သုတေသနပြုလုပ်ပြီး မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ရေး ဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ကရက်၏ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E Mr. Wang Guosheng နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ တိုးတက်လာလျက်ရှိသော သိပ္ပံနှင့်နည်းပညာများသည် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုအရေးပါလာလျက်ရှိရာ အပင်ဇီဇနည်းပညာနှင့် ဇီဝနည်းပညာများ သုတေသနပြုလုပ်ပြီး မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ကရက်၏ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် သန်း ၅၀ ကျော်သော မြန်မာပြည်သူများအတွက် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀ မန္တလေး(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၃၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၆၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၄. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၂၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၉၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၉. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅. ၀၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၅. ၉၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၁. ၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အသစ်ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | ပုံနှိပ်သမား | မင်းယု(မြန်မာပြန်) | ၁၅၀၀ | Momentum စာပေ |
| ၂။ | မန်ကျည်းပင်အိုနှင့် အက်ဆေးဆောင်းပါးများ | မင်းဆက်သက်ခိုင် | ၁၅၀၀ | MKS |
| ၃။ | ဘကြီးဘဘေ (ထင်ရှားကျော်ကြားသူများ၏အတ္ထုပ္ပတ္တိစာစဉ်) | Quality အယ်ဒီတာအဖွဲ့ | ၂၅၀၀ | Quality Pu blishing House |
| ၄။ | အယ်လက်ဇန်းဒါး (စာကြည့်တိုက်စာစဉ်-၅၀) | The Key Collection | ၁၅၀၀ | The Key |
| ၅။ | ဂျူးလိယက်ဆီဇာ (စာကြည့်တိုက်စာစဉ်-၄၉) | The Key Collection | ၁၅၀၀ | The Key |
| ၆။ | သစ်လှတောနှင့် အခြားဝတ္ထုတိုများ | အောင်စိုး | ၁၅၀၀ | The Key collection |
| ၇။ | ဘဝတာရှင်သန်ခြင်းနေ့ရက်များ | နေမျိုး | ၃၀၀၀ | The Window စာပေ |
| ၈။ | သမိုင်းမြက်ခင်းကို မြင်းစီးဖြတ်ခြင်း | ကျော်ဝင်း | ၅၀၀၀ | Unity စာပေ |
| ၉။ | တို့ကျောင်းသား | ဇဝန | ၂၀၀၀ | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၀။ | ကောလိပ်ဂျပိုး | ဇဝန | ၂၀၀၀ | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၁။ | ကံကောင်း အကြောင်းလှအောင် အားထုတ်ခြင်း | မြတ်ငြိမ်း (မြန်မာပြန်) | ၅၅၀၀ | ကိုနေမန်းစာပေ |
| ၁၂။ | General Knowledge of English Vocabuary Bank | U Naing Soe (B.A.Eng) | ၁၀၀၀ | ကလောင်သစ်စာပေ |
| ၁၃။ | စီးပွားဖြစ်ကောက်ရိုးမှို စိုက်ပျိုးနည်း | မင်းပုည | ၂၅၀၀ | ခိုင်ဇင်စိုးစာပေ |
| ၁၄။ | ချစ်သူများနေ့. . . အမှတ်တရ အချစ်ကဗျာများ | သျှားထက်နိုင် (ဘူမိဗေဒ) | ၂၀၀၀ | ခိုင်ဇင်စိုးစာပေ |
| ၁၅။ | ခရေပင်လမ်းခွဲ (ကဗျာ) | ကလောင်စုံ | ၂၀၀၀ | ချန့်ချန်စာပေ |
| ၁၆။ | သုညဘဝမှ ကမ္ဘာကျော်ခဲ့သော အနုပညာရှင်များ | ထက်ဝန | ၄၅၀၀ | ဂျာနယ်လစ်စာပေ |
| ၁၇။ | သားသတ်လွတ်သမ | သင့်လူ (မြန်မာပြန်) | ၃၀၀၀ | ငါတို့စာပေ |
| ၁၈။ | သိပ္ပံခေတ်နှင့်ဗုဒ္ဓ၏ အစိန္တေယျတရား | နှစ်ဖက်လှ ဦးကျော်လွင် | ၃၀၀၀ | စာနဒီစာပေ |
| ၁၉။ | လန်ဒန်ဆောင်းပါး (ကျေးရွာပြုပြင်ရေး သမဝါယမနှင့် ပညာမသင်မနေရ ဥပဒေများ) | သံအမတ်ကြီး ဦးတင့်ဆွေ | ၁၅၀၀ | စာနဒီစာပေ |
| ၂၀။ | ရာမည | နတ်နွယ် | ၄၅၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၁။ | အနာဂတ်ဝါကျများ | မောင်သာချို | ၂၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၂။ | လောင်းတာလား လင်းတာလား | မောင်ကံထူး | ၁၅၀၀ | စာပေလောက (၆) |
| ၂၃။ | ဂျုံးဂျုံးကျတောရဆရာတော် ဘုရားကြီး ဘဒ္ဒန္တသုဇာတ (ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်) | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်းစာပေ |
| ၂၄။ | စွန်းလွန်းဂူဆရာတော် ဘုရားကြီးဘဒ္ဒန္တကဝိ (ဆရာတော်ကြီးများ၏ထေရုပ္ပတ္တိစာစဉ်) | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်းစာပေ |
| ၂၅။ | လူပင်လယ်(ဆောင်းပါးများစုစည်းမှု) | တက္ကသိုလ်မိုးဝါ | ၂၅၀၀ | ဇင်ရတနာစောစာပေ |
| ၂၆။ | ကျွန်တော် သိဖူး၊ မြင်ဖူးသော ဝန်ကြီးချုပ် ဦးနု | ကြည်သင်း | ၁၂၀၀ | ဇင်ရတနာစောစာပေ |
| ၂၇။ | မှတ်တမ်းမှတ်ရာစာပဒေသာ(ပထမတွဲ) | ကိုရင်ထိုက် | ၂၈၀၀ | ဇင်ရတနာစောစာပေ |
| ၂၈။ | မြန်မာ့သမိုင်းနှင့်ယဉ်ကျေးမှုရယ်လို့ ခိုင်စေ မြိုင်စေသောဝ် (သုတေတနစာတမ်းနှင့်ဆောင်းပါးများ) | တင်မောင်ဦး (ရွှေပြည်) | ၄၅၀၀ | ဇင်ရတနာစောစာပေ |
| ၂၉။ | ကမောက်ကမ စီးပွားရေး၊ စည်းလွတ် ဝါးလွတ်အုပ်ချုပ်ရေး၊ အကွပ်မဲ့ကြမ်း ပရမ်းပတာနိုင်ငံရေးနှင့် ဒီမိုကရေစီ လှုပ်ရှားမှု ၈၈၈၈ လူထုအရေးတော်ပုံ | ပန်းတနော် ခင်မောင်မြင့် | ၆၀၀၀ | ဇွန်ပန်းမွှေးမွှေးစာပေ |
| ၃၀။ | ရဟန်းနှင့်နန်းတော်ရွှေ့ဝါကျများ | ဓမ္မဂင်္ဂါ | ၂၀၀၀ | ဇွန်ပွင့်စာပေ |
| ၃၁။ | လုံမငြိမ်းချမ်းတို့ဖတ်ဖို့ အနာဂတ် ယုံကြည်မှုကောင်းကင်တော်တမ်းချင်း | မောင်အောင်ပွင့် | ၁၅၀၀ | ဇွန်ပွင့်စာပေ |
| ၃၂။ | တောလုံးအန္တိ့ငှက်အော်သံတွေ | နန္ဒသိရ် (ဘုတလင်) | ၁၅၀၀ | တမာခါးစာပေ |
| ၃၃။ | လှိုင်းနှစ်စင်းကောက်ကြောင်း (ရသလုံးချင်းဝတ္ထုသစ်) | တိမ်တိုက်ထွန်း (ကစ္ဆပနဒီ) | ၂၀၀၀ | တိမ်တိုက်ထွန်းစာပေ |
| ၃၄။ | အမှောင်ထဲမှာ | လမင်းမိုမို | ၂၅၀၀ | တကောင်းစာပေ |
| ၃၅။ | မြန်မာ့ မြို့ပြယဉ်ကျေးမှုအကြို စမုံမြစ်ဝှမ်း | ကလောင်စုံ | ၆၀၀၀ | ထွန်းဖောင်ဒေးရှင်း |
| ၃၆။ | ဖရက်ဒရစ်ဒေါက်ကလပ် (ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ-၂) | ခင်မောင်တိုး (မိုးမိတ်) | ၁၅၀၀ | ဓူဝံစာပေ |
| ၃၇။ | ဘင်ဖရင်ကလင် (ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ-၃) | စိန်ဝင်းစိန် | ၁၅၀၀ | ဓူဝံစာပေ |
| ၃၈။ | ချားစ်ဒါဝင် (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၆) | မောင်တင်ဦး (ရုက္ခ) | ၁၅၀၀ | ဓူဝံစာပေ |
| ၃၉။ | ခရစ္စတိုဖာ ကိုလံဘတ် (ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ-၇) | ခင်မောင်တိုး(မိုးမိတ်) | ၁၅၀၀ | ဓူဝံစာပေ |
| ၄၀။ | လီယိုနာဒိုဒါဗင်ချီ (ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ-၄) | ကျော်လင်းဆွေ | ၁၅၀၀ | ဓူဝံစာပေ |

(ဆက်လက်ဖော်ပြပါမည်)

### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေး နိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အမှုအခင်းများခြင်းနဲ့ စိတ်ရောဂါ

## ကောင်းဆက်နိုင်

အကယ်၍သာ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ရင်ထဲမှာ ရှိခဲ့တဲ့ စကားတစ်ခွန်းကို မျိုသိပ်မထားဘဲ မဆင်မခြင် ဖွင့်ပြောမိခဲ့ရင် ပြဿနာတက်သွားနိုင်ပါတယ်။ သူ့ထက်ငါ အလုအယက်အမျိုးချစ်ပြနေတဲ့ မျက်ကန်းမျိုးချစ်ခေါ်ကိုချစ်ကန်းတွေကလည်း မှိုလိုပေါက်နေခဲ့တဲ့အချိန်ဖြစ်တယ်ဗျာ။ အမျိုးတစ်ခါချစ်ပြလိုက်ရင်း၊ နင့်ခနဲ ချမ်းသာသွားရင်း အမျိုးချစ်ခက ဘီလီယံနဲ့ချီရတာဆိုတော့ သူချစ်မယ်၊ ငါချစ်မယ်နဲ့ ချစ်ခြင်းပြိုင်နေခဲ့ကြတာကိုး။

အဲဒီအချိန်မှာ ကျွန်တော်ပြောချင်တယ်ဆိုတဲ့စကားကလည်း ကြည့်ဦး။

"ကယ်ကြပါခင်ဗျာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြင့် စိတ်ရောဂါဖြစ်နေသူတွေ၊ တစ်နည်းဆိုရရင် စိတ်ဝေဒနာခံစားနေရသူတွေ အနည်းဆုံး ၁၂ သန်းခွဲလောက် ရှိနေပြီခင်ဗျ။ အမြင်မတော်သူတွေအနေနဲ့ ကုမပေးကြရင်တောင်မှ စိတ်ရောဂါနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကို လူတိုင်း၊ မိသားစုတိုင်းသိအောင် ဗဟုသုတတွေပေးကြပါ။ ကျောင်းတွေမှာလည်း သင်ကြားပေးကြပါ။"

အဲဒီအချိန်က အဲဒီစကားပြောမိရင်တော့ စောစောကပြောတဲ့ ကိုချစ်ကန်းတစ်သိုက် ဝိုင်းလာပြီး ကိုယ့်လူမျိုးကို သိက္ခာချရပါမလားလို့ ဝိုင်းအပြစ်တင်မှာမုချ။

ခက်တာက ကျွန်တော်ပြောတာ အမှန်ခင်ဗျ။ ဒီနေ့ကမ္ဘာမှာ လူလေးယောက်မှာ တစ်ယောက်နှုန်း စိတ်ဝေဒနာအနည်းနဲ့အများ ခံစားနေကြရတယ်လို့ WHO စာရင်းဇယားတွေမှာ ဖော်ပြကြပါတယ်။ ဒါတောင် တချို့နိုင်ငံတွေက ကျွန်တော်တို့ဆီမှာလို ပြည်သူတွေကို ပစ်မထားဘဲ လူ ၄၀၀ ကျော်မှာ စိတ်ကျွမ်းကျင်သူ သို့မဟုတ် စိတ်ကုဆရာဝန်တစ်ယောက်နှုန်းလောက် ဆွေးနွေးကုသဖို့ ခန့်ထားပေးပါတယ်။ စိတ်ကျန်းမာရေးဆေးရုံဆိုရင်လည်း လူဦးရေ ခုနစ်သိန်းခွဲမှာ စိတ်ကျန်းမာရေးသီးသန့်ဆေးရုံ တစ်ရုံနှုန်း ရှိကြပါတယ်ဗျာ။

ဆိုချင်တာက ကျွန်တော်တို့နိုင်ငံ လူဦးရေ ၅၃ သန်းမှာ စိတ်ကျန်းမာရေးဆေးရုံပေါင်း ၇၀ ကျော်အနည်းဆုံး ရှိသင့်တာပါ။ ကျွန်တော်နောက်နေတယ်လို့ ထင်ရင်တော့ မှားမယ်။ မြန်မာတစ်နိုင်ငံလုံးမှာ အခု စိတ်ကျန်းမာရေးဆေးရုံ စုစုပေါင်းမှ နှစ်ရုံပဲရှိပါတယ်။ ရန်ကုန် ရွာသာကြီးမှာ ခုတင် (၁၂၀၀)ဆံ့ ဆေးရုံတစ်ရုံနဲ့ မန္တလေး အမရပူရမှာ ခုတင် (၂၀၀)ဆံ့ ဆေးရုံတစ်ရုံ စုစုပေါင်းမှ နှစ်ရုံတည်းရှိတယ်ဗျာ။

အင်္ဂလိပ်အစိုးရက ထားပါတော့။ မြန်မာအစိုးရမင်းများအဆက်ဆက် ကိုယ့်လူမျိုးချင်းရဲ့ ကျန်းမာရေးကို စောင့်ရှောက်ခဲ့ကြပုံက မျက်ရည်လည်လောက်ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရက ရန်ကုန်ထောင်နားမှာကပ်ပြီး ၁၈၈၆ ခုနှစ်က စိတ်ဝေဒနာသည်တွေကိုထားဖို့ အဆောက်အအုံတစ်ခု ဆောက်ခဲ့တယ်။ ဒါပေမယ့် ရည်ရွယ်ချက်ကတော့ မကောင်းခဲ့ပါဘူး။ ပြုစုကုသပေးဖို့ထက် ထိန်းသိမ်းထားဖို့ ရည်ရွယ်ခဲ့ပါတယ်။ နာမည်ပေးထားတာကိုကြည့်ရင် သိနိုင်ပါတယ်။ Prison For The Insane (အရူးထောင်)လို့ အမိပ္ပာယ်ရတာပေါ့။ ဝေဒနာသည် ၅၀ လောက်ဆံ့တယ်။

၁၉၂၆ ခုနှစ် ပထမကမ္ဘာစစ်အပြီးမှာတော့ တံတားလေးရွာနားမှာ တံတားလေးစိတ္တဇဆေးရုံလို့ လူသိများခဲ့တဲ့ နေရာကို ပြောင်းရွှေ့ခဲ့ပြီး ဝေဒနာသည် ၂၅၀ လောက် ဆံ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်တွေ တပ်စွဲခဲ့ဖူးပါတယ်။ လွတ်လပ်ရေးရပြီးနောက် Mental Hospital (စိတ်ကျန်းမာရေးဆေးရုံ)အဖြစ် ၁၉၅၁ ခုနှစ်မှာ ဒေါက်တာနေဝင်း ဦးဆောင်ပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဆေးရုံအုပ်ကြီးဖြစ်တဲ့ ဒေါက်တာနေဝင်းဟာ အရည်အချင်းပြည့်ဝသူဖြစ်ပြီး အင်္ဂလန်ကနေ စိတ်ကျန်းမာရေးဆိုင်ရာ သင်တန်း(ဘွဲ့) တက်ရောက်ခဲ့သူဖြစ်ပါတယ်။

သို့သော် ဒီစကားကြားရလို့ နာတဲ့သူရှိလည်း နာကြပေါ့။ လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရအဆက်ဆက်ဟာ တိုင်းပြည်အကျိုးအတွက်ဆိုတဲ့စိတ်က ရင်ထဲမှာ အပြည့်မရှိကြဘူး။ လာဘ်စားတဲ့သူတွေက လာဘ်စားကြ၊ လာဘ်မစားတဲ့သူတွေက ရာထူးအာဏာကို မက်မောဖက်တွယ်ကြနဲ့ တစ်ရက်ထက်တစ်ရက် ပြည်သူတွေမှာ အစိုးရဆိုတဲ့အသံကို မကြားချင်တော့ဘူး။ အထူးသဖြင့် လက်နက်ကိုင်ထားတဲ့ အစိုးရဆိုရင် ပိုလို့တောင် ကြောက်ရွံ့ကြတယ်။ အခု မင်းတို့ အရပ်သားအစိုးရကောလို့မေးရင် ဒါလည်း ငါးနှစ်စောင့်ကြည့်ပြီး စမ်းသပ်ပါရစေဦးလို့ဖြေရမှာပဲ။ ဘာပဲပြောပြော ကျန်းမာရေးနဲ့ ပညာရေးဘက်ကို ခါတိုင်းထက် ပိုအာရုံစိုက်တာတော့ မြင်ရတယ်လေ။

အရင်အစိုးရတွေတုန်းကတော့ ကြားဖူးပါရဲ့၊ ဘတ်ဂျက်ရဲ့ နှစ်ရာခိုင်နှုန်းတို့၊ ဘာတို့၊ ဒီလို မသဒ္ဒါရေစာ ဘတ်ဂျက်ထဲက ပြည်သူတွေရဲ့ စိတ်ကျန်းမာရေးဆိုတာဟာ ကြက်ပျောက်ငှက်ပျောက်၊ အုပ်ချုပ်သူတွေရဲ့ ခေါင်းထဲတောင် ရှိမယ်မထင်ဘူး။ စိတ်ကျန်းမာရေးဆေးရုံဆိုတာ ဉာဏ်မရှိတဲ့ အုပ်ချုပ်ရေးသမားတွေအတွက်က စိတ်ဝေဒနာသည်တွေကို အပြင်မထွက်နိုင်အောင် ချုပ်လှောင်ထားတဲ့ အရူးထောင်ဆိုတာထက် မပိုဘူး။ ဒီတော့ အဲဒီလိုလူစားတွေ အုပ်ချုပ်တဲ့ကာလမှာ WHO က ထုတ်ပြန်တဲ့ လူဦးရေလေးပုံတစ်ပုံက စိတ်ရောဂါအနည်းနဲ့အများရှိတယ်ဆိုတာတို့၊ ရောဂါမရင့်ခင်မှာ ပြည်သူတွေရဲ့ စိတ်ကျန်းမာရေးကို စောင့်ရှောက်ရမယ်တို့ ဘယ်သိမှာလဲ။ လုပ်-လုပ်ဆိုတော့လည်း ဗန်းပြလောက်ပဲ နေမှာပေါ့။

အခု မြန်မာပြည်မှာ ဖြစ်နေတာတွေကြည့်ဗျာ။ ယောက်ျားက မိန်းမကိုဓားနဲ့ ထိုးသတ်၊ မိန်းမက ယောက်ျားကို ဓားနဲ့ထိုးသတ်၊ အခုမှ ပုခက်ထဲက လွတ်ကာစ ကလေးငယ်ကို အဓမ္မကျင့်ဖို့ ကြံတဲ့သူနဲ့၊ ကိုယ့်မြန်မာလူမျိုးအချင်းချင်း သတ်ချင်ဖြတ်ချင်၊ ညှဉ်းပန်းနှိပ်စက်ချင်တဲ့စိတ်ဓာတ်တို့၊ တိုင်းရင်းသားအချင်းချင်းသတ်နေကြတာကို နှစ်ဖက်စလုံး အလောင်းချင်းထပ်အောင် မြှောက်ပင့်ပေးချင်တဲ့ စိတ်ဓာတ်တို့၊ ဒါတွေက စိတ်ရောဂါတွေနဲ့ ဆက်နွယ်နေတယ်။

တရားခံနဲ့ တရားလိုကြားမှာ တရားမျှတအောင် သမာသမတ်ရှိရှိ ဆုံးဖြတ်ပေးရမယ့်ပုဂ္ဂိုလ်တချို့က လက်ထဲမှာ တူမကိုင်တော့ဘဲ ပိုက်ဆံတွက်ဖို့ ဂဏန်းပေါင်းစက်တစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ ပုဂ္ဂိုလ်တချို့၊ ကိုယ့်တာဝန်က လူဆိုးဖမ်းရမှာကို မဖမ်းဘဲ လူဆိုးနဲ့ အကျိုးတူစီးပွားရေးလုပ်နေသူတချို့၊ ပြည်သူဘက်လိုက်ရမယ့်အခါ ခရိုနီဘက်လိုက်သွားတဲ့ အုပ်ချုပ်ရေးသမားတချို့၊ ဘုရားရဲ့ အလှူငွေတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ့်အစား ဘုရားဆီက မိုက်ကြေးခွဲတဲ့လူတချို့ဟာ စိတ်ရောဂါသည်တွေမဟုတ်ဘူးလား။

သမီးငယ်ကို မုဒိမ်းကျင့်တဲ့ ဖခင်၊ ကျောင်းသူကို မုဒိမ်းကျင့်တဲ့ ကျောင်းဆရာ၊ ရှစ်တန်းကျောင်းသူကို အကြိမ်ကြိမ်ကျူးလွန်လို့ ထောင်ကျသွားတဲ့ ကျောင်းထိုင်ဘုန်းကြီး၊ ဒီလောက်ရေးပြရင် ယုံကြပြီလား။ ကျွန်တော်တို့နိုင်ငံမှာ စိတ်ဝေဒနာသည်တွေ သန်းနဲ့ချီရှိနေပြီး စိတ်လွတ်သွားတဲ့အခါမှာ ရာဇဝတ်မှုတွေ၊ လူ့ကျင့်ဝတ်တွေကို ရုတ်တရက်ချိုးဖောက်တတ်ကြတယ်ဆိုတာ လက်ခံသင့်ပါပြီ။

ဒါပေမယ့် ပြည်သူရဲ့စိတ်ကျန်းမာရေး စောင့်ရှောက်မှုကို အစိုးရအဆက်ဆက် လျစ်လျူရှုခဲ့တာကလည်း သိသာထင်ရှားနေပါတယ်။ ဒီအချက်ကို ကျော်လွှားမသွားရအောင် အရပ်သားအစိုးရလက်ထက်မှာ ဆောင်ရွက်ဖို့ ဝေဖန်အကြံပြုတာပါ။

အမှုအခင်းတွေဖြစ်တဲ့အခါမှာ သာမန်အားဖြင့် တရားဥပဒေစိုးမိုးရေးရှုထောင့်ကပဲ ကြည့်တတ်ကြပါတယ်။ မှန်တော့မှန်တယ်။ ဒါပေမယ့် မပြည့်စုံဘူး။ လူတစ်ယောက် ရာဇဝတ်မှု ကျူးလွန်ရင် အစိုးရမှာလည်း တာဝန်ရှိသလို လူ့အသိုက်အဝန်းမှာလည်း တာဝန်ရှိပါတယ်။ ပြစ်ဒဏ်တွေ ပြင်းပြင်းထန်ထန်ပေးလို့သာ ရာဇဝတ်မှုတွေ လျော့ကျကြေးဆိုရင် ရှေးတုန်းက ရှင်ဘုရင်တွေလက်ထက် ထစ်ခနဲဆို သတ်ပစ်ကြတာပဲ။ ဘယ်မှာ အမှုအခင်းလျော့သွားလို့လဲ။ ရာဇဝတ်သားကို ထောင်ချထားတဲ့စနစ်သာ အောင်မြင်မယ်ဆိုရင် ထောင်ဆိုတာကြီးပေါ်နေတာ နှစ်ပေါင်း ထောင်သောင်းချီနေပြီပဲ။ အခုအချိန် ပြစ်မှုကျူးလွန်သူ မရှိသင့်တော့ဘူးပေါ့။

ခေတ်အဆက်ဆက် မြန်မာလူမျိုးရဲ့ စိတ်ကျန်းမာရေးဟာ ပစ်ပယ်ခံထားရတော့ တာဝန်ယူမယ့်သူတွေ အလျှိုလျှိုပေါ်လာခဲ့ပါတယ်။ ပယောဂဆရာတို့၊ ဘိုးတော်တို့၊ အင်းဝိဇ္ဇာတို့၊ နတ်ဝင်သည်တို့က သူ့ရှုထောင့်နဲ့သူ ရမ်းကု ကုခဲ့ကြတော့ အခုဆိုရင် မြန်မာလူမျိုး ၁၀၀ မှာ ၉၉ ယောက်က စိတ်ရောဂါဆိုတာရှိမှန်းတောင် မသိကြတော့ဘူး။ စိတ်ရောဂါကို သူတို့က ဘယ်လိုတလွဲ အဓိပ္ပာယ်ကောက်သလဲဆိုတော့ ပယောဂမှီတယ်၊ ဝိညာဉ်နဲ့ တစ္ဆေသရဲပူးတယ်၊ ဥစ္စာစောင့်ဖမ်းစားတယ်၊ စုန်းကဝေပြုစားတယ်လို့ပဲ ယုံနေကြပါတယ်။

စောစောက စကားဆက်ရရင် ရာဇဝတ်မှုတွေနဲ့ ပတ်သက်လို့ အစိုးရမှာ တာဝန်ရှိတယ်ဆိုတာက တရားရေးဝန်ထမ်းတွေ လာဘ်မစားဘဲ တရားမျှတပြီး ထိရောက်တဲ့ ပြစ်ဒဏ်တွေချမှတ်လာအောင် တာဝန်ယူရမှာဖြစ်သလို စိတ်ရောဂါကျွမ်းကျင်သူတွေ၊ စိတ်ကုဆရာဝန်တွေ၊ စိတ်ကျန်းမာရေးဆေးရုံတွေကို သူများတိုင်းပြည်တွေလောက် ရာနှုန်းပြည့်လုပ်မပေးနိုင်ရင်တောင် ၅၀ ရာခိုင်နှုန်းလောက်တော့ လုပ်ပေးသင့်တယ်။ စိတ်ရောဂါနဲ့ဆိုင်တဲ့ စာအုပ်တွေ၊ အများနားလည်အောင်ရေးထားတဲ့ စာရွက်စာတမ်းတွေ မိသားစုတိုင်းရဲ့ အသိဉာဏ်ထဲရောက်အောင် စီမံချက်နဲ့ ဆောင်ရွက်ပေးသင့်ပါတယ်။

မြန်မာ့အသိုက်အဝန်းမှာလည်း တာဝန်ရှိတယ်ဆိုတဲ့စကားက ဒီလိုပါ။ ကိုယ့်မိသားစုဝင်ထဲက တစ်ယောက်ယောက်က ပြစ်မှုကျူးလွန်မိတယ်ဆိုရင် ကျန်မိသားစုဝင်တွေမှာလည်း အနည်းနဲ့အများ တာဝန်ရှိနေတာကို ဆိုလိုတာပါ။ အနည်းဆုံး နောက်ထပ်ပြစ်မှုမကျူးလွန်မိအောင်တော့ ဝိုင်းစဉ်းစားရမှာပါ။

ကျွန်တော်တို့နိုင်ငံမှာ စိတ်ရောဂါကျွမ်းကျင်သူတွေ၊ ဆရာဝန်တွေနဲ့ ဆေးရုံတွေ ရှားပါးနေတာဟာ ရုတ်တရက်ကြည့်လိုက်ရင်တော့ နိုင်ငံသားတွေမှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာမရှိကြဘူးလို့ ထင်စရာပေါ့။ ဘာသာနဲ့ထုထားတာမို့လဲဗျာ။ ဒီသွေးဒီသားနဲ့ ထုထားတာပဲ။ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေရှိတာပေါ့။ ဗုဒ္ဓကလည်း ဟောပြီးသား။ ပုထုဇဉ် လူသားမှန်သမျှ တစ်နည်းမဟုတ်တစ်နည်း စိတ်ဝေဒနာသည်ချည်းပဲတဲ့။ မွေးရာပါ စိတ်ရောဂါတွေက စုံမှစုံ၊ လောဘရောဂါ၊ ဒေါသရောဂါ၊ မောဟရောဂါ၊ တဏှာရောဂါ၊ မာနရောဂါ စုံလို့ပါပဲ။

အမှန်က ဗုဒ္ဓက အနာလည်းသိသလို ဆေးနည်းလည်း ပေးထားပြီးသား။ ဒါပေမယ့် ဗုဒ္ဓရဲ့ဆေးကို မသုံးတတ်တာကလည်း ဗုဒ္ဓဘာသာမြန်မာတွေပဲ။ လူတစ်ထောင်မှာ တစ်ယောက်က သုံးတတ်ရင်ကံကောင်း။ ကျန်တဲ့ ၉၉၉ ယောက်ထဲမှာလည်း ၉၀၀ လောက်ကတော့ ဘုန်းကြီးကျောင်းတွေ ရောက်ဖူးရဲ့လား။ တရားနာဖူးရဲ့လား။

အမေရိကန် အရီဇိုးနားက စိတ်ရောဂါအမှုအကျင့်သိပ္ပံဌာန လက်ထောက်ပရော်ဖက်ဆာ ဒေါက်တာသက်ဒီယပ်စ်ပေ့စ်ကတော့ သူ့ရဲ့စမ်းသပ်မှုတွေအရ တရားထိုင်ခြင်းဟာ စိတ်ဖိစီးမှုကို လျော့ကျစေတယ်လို့ဆိုပါတယ်။ တစ်နည်းအားဖြင့် စိတ်ဖိစီးစေတဲ့ ဟော်မုန်း-ကော်တီဆော (Cortisol)၊ ခန္ဓာကိုယ်ခုခံမှုစနစ်နဲ့ တခြားအာရုံကြောဖိစီးမှုဟော်မုန်းတွေဖြစ်တဲ့ Epinephrine (အကြောက်နဲ့ ဒေါသကြောင့် သွေးထဲရောက်လာပြီး နှလုံးခုန်၊ ရင်တုန်၊ အားကုန်၊ သွေးတက်စေတဲ့အပြင် သကြားဓာတ်လုပ်ငန်းစဉ်ကိုပါ နှောင့်ယှက်) နဲ့ Norepinephrine ဟော်မုန်းဓာတ်တွေဟာ တရားထိုင်ရင်လျော့ကျသွားတယ်လို့ ဒေါက်တာပေ့စ်က တွေ့ရှိခဲ့ပါတယ်။

စိတ်ဖိစီးတာတွေကို ကာကွယ်ထိန်းသိမ်းနိုင်ရင် စိတ်ရောဂါလည်း မဖြစ်တော့ဘူးပေါ့။

ဒါပေမယ့် တရားရှိပြီး တရားမထိုင်တဲ့ ကျွန်တော်တို့နိုင်ငံ၊ သောက်ဆေးကို လိမ်းဆေးလုပ်ပြီး ရွတ်ဖတ်ရုံနဲ့ ကျေနပ်နေတဲ့ ကျွန်တော်တို့အစိုးရအဆက်ဆက် ပြည်သူတွေရဲ့ စိတ်ကျန်းမာရေးကို ခေတ်မီဆေးပညာတွေနဲ့ စောင့်ရှောက်ခြင်းမခံခဲ့ရတဲ့ ကျွန်တော်တို့ စိတ်ရောဂါတွေဖြစ်နေကြပါတယ်။ စိတ်ရောဂါ အနုအရင့် စုစုပေါင်း အနည်းဆုံး ၁၂ သန်းလောက်ရှိနိုင်တယ်လို့ WHO ရဲ့ ယေဘုယျတွက်ချက်မှုအရ သိရပါတယ်။

အစိုးရသစ်အနေနဲ့ စိတ်ရောဂါနဲ့ပတ်သက်လို့ အသိပညာဖြန့်ဖြူးပေးပါ။ အနည်းဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့ကြီးတွေမှာ စိတ်ကျန်းမာရေးဆေးရုံ တစ်ရုံနှုန်း ရှိသင့်ပါတယ်။ စိတ်ရောဂါကျွမ်းကျင်သူတွေနဲ့ စိတ်ကုဆရာဝန်တွေ အရေအတွက် အမြောက်အမြား ပညာတော်သင်လွှတ်ပြီး မွေးထုတ်ပေးပါ၊ စာသင်ကျောင်းတွေမှာလည်း တရားထိုင်နည်းတွေ သင်ကြားပေးပါ၊ စိတ်ရောဂါအကြောင်းတွေ အခြေခံကျကျ သင်ပေးကြပါလို့ အကြံပြုအပ်ပါတယ်။ ။

> **ရာဇဝတ်မှုတွေနဲ့ ပတ်သက်လို့ အစိုးရမှာ တာဝန်ရှိတယ်ဆိုတာက တရားရေးဝန်ထမ်းတွေ လာဘ်မစားဘဲ တရားမျှတပြီး ထိရောက်တဲ့ ပြစ်ဒဏ်တွေချမှတ်လာအောင် တာဝန်ယူရမှာဖြစ်သလို စိတ်ရောဂါကျွမ်းကျင်သူတွေ၊ စိတ်ကုဆရာဝန်တွေ၊ စိတ်ကျန်းမာရေးဆေးရုံတွေကို သူများတိုင်းပြည်တွေလောက် ရာနှုန်းပြည့်လုပ်မပေးနိုင်ရင်တောင် ၅၀ ရာခိုင်နှုန်းလောက်တော့ လုပ်ပေးသင့်တယ်။ စိတ်ရောဂါနဲ့ဆိုင်တဲ့ စာအုပ်တွေ၊ အများနားလည်အောင်ရေးထားတဲ့ စာရွက်စာတမ်းတွေ မိသားစုတိုင်းရဲ့ အသိဉာဏ်ထဲရောက်အောင် စီမံချက်နဲ့ ဆောင်ရွက်ပေးသင့်...**

# ရန်ကုန်တိုင်းဒေသကြီး (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား လွတ်လပ်ရေးကျောက်တိုင်မြက်ခင်းပြင်တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၃)ရပ်ဖြင့် အမျိုးသားရေး အနှစ်သာရရှိရှိ ကျင်းပနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မဟာဗန္ဓုလပန်းခြံရှိ သမိုင်းဝင် လွတ်လပ်ရေးကျောက်တိုင် မြက်ခင်းပြင်၌ ၂၀၁၇ ခုနှစ်တွင် လွတ်လပ်ရေးနေ့အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အခမ်းအနားကျင်းပမည့်နေရာ စစ်ဆေးမှုပြုလုပ်စဉ် ပြောကြားချက်အရ သိရသည်။

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပမည့် လွတ်လပ်ရေးကျောက်တိုင်ကြီးသည် မြန်မာတစ်မျိုးသားလုံး ဗြိတိသျှသူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးကျောက်တိုင်ကြီးကို တည်ဆောက်ခဲ့သည်။ ၁၉၅၀ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်အခမ်းအနားအဖြစ် သမိုင်းဝင်လွတ်လပ်ရေးကျောက်တိုင်ကြီးကို ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ လွတ်လပ်ရေးကျောက်တိုင်ကြီး၏ သစ္စာအဓိဋ္ဌာန်ကိုးချက်တွင် "လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်မြဲရေး တာဝန်သည် ငါတို့နှင့်တကွ ငါတို့သား၊ မြေး၊ နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။ ဤငါတို့သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း" ဟူသော လွတ်လပ်ရေးကျောက်တိုင်၏ အဓိဋ္ဌာန်ကိုးချက်နှင့်အညီ မြန်မာတစ်မျိုးသားလုံးအတွက် တည်ဆောက်ခဲ့သော လွတ်လပ်ရေးကျောက်တိုင်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရန်အတွက် လွတ်လပ်ရေးကျောက်တိုင်၏ အောက်ခြေ သံပန္နက်တော်ပုံစံများကို ထီးကိုင်းသဏ္ဌာန်ပုံဖော်၍ မြန်မာဗိသုကာပညာရှင် စည်သူဦးတင်က စနစ်တကျ တည်ဆောက်ခဲ့ကြောင်း ရန်ကုန်စည်ပင် သမိုင်းစာအုပ်မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ သမိုင်းစာမျက်နှာအသစ်ဖွင့်လှစ်ခြင်းနှင့်အတူ သမိုင်းဝင်လွတ်လပ်ရေးကျောက်တိုင်၏ သမိုင်းကျောက်စာများလည်း ပြန်လည်ရှင်သန်လာမည်ဖြစ်ကြောင်း အခမ်းအနားပြင်ဆင်ရေးတာဝန်ရှိသူက ပြောကြားသည်။ **(စောသိန်းဝင်း)**



# လူတစ်ဦးတစ်ယောက်တည်းအတွက် အကျိုးရှိပြီး ဒေသရှိပြည်သူများထိခိုက်နစ်နာစေမည့် ရင်းနှီးမြှုပ်နှံမှုမဖြစ်စေရန်လို

**နေပြည်တော် ဒီဇင်ဘာ ၂၂**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Investors Development Association-MIDA)နှင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လူတစ်ဦးတစ်ယောက်တည်းအတွက်သာ အကျိုးရှိပြီး ဒေသရှိပြည်သူများအတွက် ထိခိုက်နစ်နာစေနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမဖြစ်စေရန် သတိပြုစေလိုကြောင်း၊ မည်သည့်စီးပွားရေးလုပ်ငန်း အမျိုးအစား ကြီးငယ်မဆို ခရုကြွယ်ဝပြီး အသိဉာဏ်နှင့် အတွေ့အကြုံရှိသော နိုင်ငံသားအားလုံး နိုင်ငံအတွင်းရှိ မည်သည့်စီးပွားရေးလုပ်ငန်းမျိုးဖြစ်စေလုပ်ကိုင်ခွင့်ရစေရန် နိုင်ငံတော်အနေဖြင့် အားပေးလိုကြောင်း၊ အကန့်အသတ်ရှိသော သယံဇာတများကို အဆင့်မြင့် နည်းပညာများဖြင့် ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းဖြင့် ပြည်သူများအကျိုးရှိစွာ ခံစားနိုင်စေရန် ကာလတိုအတွင်း အရှိန်မြှင့်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များမှ ၎င်းတို့လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ သမိုင်းဝင်အထောက်အထားများလှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၂**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေး စသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထား စာရွက်စာတမ်းများ၊ ပေ၊ ပုရပိုက်များ၊ လက်ရေးမူများ၊ အသံ၊ ရုပ်ပုံ မှတ်တမ်းများနှင့် သမိုင်းဝင်ပစ္စည်းများကို အများပြည်သူများ ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန် ထိန်းသိမ်းထားရှိသည့် ဌာနဖြစ်သည်။

သို့ပါ၍ ပြည်သူလူထုအနေဖြင့် မိမိတို့ သိမ်းဆည်းထားသော အထက်ဖော်ပြပါ အထောက်အထားများအား အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းဝိုင်းအနီး ဥတ္တရသီရိမြို့နယ် နေပြည်တော် ဖုန်း- ၀၆၇-၄၁၈၃၇၉၊ ၀၆၇-၄၁၈၃၈၉၊ ၀၆၇-၄၁၈၄၆၀ သို့လည်းကောင်း၊ အမှတ်(၁၁၄) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၃၇၀၇၇၈ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ သင်တန်းပို့ချ

**ရမည်းသင်း ဒီဇင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ အရည်အသွေးမြှင့်မွမ်းမံသင်တန်း (၂/၂၀၁၆)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်က လျှပ်စစ်လုပ်ငန်းဆိုင်ရာ သိကောင်းစရာများ သင်တန်းပို့ချခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုအပ်ချက်အလိုက် ထပ်မံ၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် အသီးသီးပူးပေါင်းဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံများ တည်ဆောက်တပ်ဆင်ခြင်း၊ ဓာတ်အားခွဲရုံများ လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ နည်းပညာနှင့် အကြံဉာဏ်များပေးအပ်ခြင်း၊ လုပ်ငန်းအပ်နှံမှုဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်အဖွဲ့အစည်းများ ပြည်တွင်းပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးတူလုပ်ငန်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းတည်ဆောက်၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးသုံးစွဲသူများ မီတာခပေးသွင်းခြင်း၊ ရက်လွန်ဒဏ်ကြေးများ ပေးသွင်းခြင်းတို့ကို အသေးစိတ်သင်ကြားပို့ချသည်။

အဆိုပါသင်တန်းတွင် ကျေးရွာအုပ်စု ၆၈ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ ၁၆၂ ဦး တက်ရောက်သင်ကြားပြီး ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ သင်တန်းကာလ ငါးရက်တွင် ဌာနဆိုင်ရာအသီးသီးမှ သက်ဆိုင်ရာအချက်အလက်များ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

# ဆောင်းရာသီ၌ ဆောင်းသီးနှံများ ယခင်နှစ်ထက် တိုးချဲ့စိုက်ပျိုး

**မင်းပြား ဒီဇင်ဘာ ၂၂**
စိုက်ပျိုးရေးကိုအခြေခံသည့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် မိုးစပါးစိုက်ဧက ကိုးသောင်းကျော်ကိုရိတ်သိမ်းပြီးနောက် ဆောင်းဦးပေါက်ရာသီ၌ ဟင်းသီးဟင်းရွက်နှင့် ဆီထွက်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိမိတို့၏ မိသားစုဘဝစီးပွားရေးကိုပိုမိုအဆင်ပြေဖူလုံစေရန် ဆောင်းသီးနှံများဖြစ်သည့် ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ မုန်ညင်း၊ နေကြာ၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပြောင်း စသည်တို့ကို ယခင်နှစ်ထက် တိုးချဲ့ပြီးဧက ၄၀၀၀ နီးပါးစိုက်ပျိုးကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**





**❖ သပိတ်တောင်ကျေးလက်မှ** ဦးကျော်မင်းထွန်းမှာ သပိတ်တောင်ကျေးလက်ကျန်းမာရေး ဦးစီးမှူးအဖြစ် လွန်ခဲ့သည့် ခုနစ်နှစ်က စတင်ရောက်ရှိလာခဲ့သူဖြစ်ပြီး ၎င်းရောက်ရှိခဲ့သည့်နောက်ပိုင်းတွင် အဆိုပါဝမ်းပျက်ဝမ်းလျှောရောဂါများ သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း၊ Mobile Clinic ဟုခေါ်သည့် တစ်ရွာပြီးတစ်ရွာ ကျန်းမာရေးစောင့်ရှောက်မှုများလည်း လှည့်လည် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ဒီဆေးခန်းမှာရောက်တာ ခုနစ်နှစ်နီးပါးရှိပါပြီ။ နေ့စဉ်လာပြတဲ့ လူနာတွေကို ကြည့်ခြင်းအားဖြင့် ရောဂါဖြစ်တဲ့ လူနာနည်းသွားတယ်ဆိုတာကို သိရပါတယ်။ နောက်တစ်ရွာပြီးတစ်ရွာသွားတဲ့ နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း လစဉ်သွားရောက်လှည့်လည်ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး ပြည်သူတွေကို ကျန်းမာရေးပညာပေးဆောင်ရွက်ပေးပါတယ်"ဟု ဦးကျော်မင်းထွန်းက ဆက်လက်ပြောသည်။

သပိတ်တောင်ကျန်းမာရေးဌာနခွဲမှ ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က ပိုလီယိုအရိုင်းပိုးကိုတွေ့ခဲ့ပြီး ပိုလီယိုရောဂါ ပပျောက်ရေးစီမံချက်အရ လတ်တလောတွင်လည်း ပိုလီယိုရောဂါဖြစ်နိုင်ခြေရှိသည့် ရောဂါအခြေအနေကို မဟာဗျူဟာကျကျ ရှာဖွေစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ-မောင်မွေး**

# မောင်တောဒေသ ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်းသတင်းရယူ

**နေပြည်တော် ဒီဇင်ဘာ ၂၂**
ရခိုင်ပြည်နယ် မောင်တောဒေသ၌ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရမှု၊ နောက်ဆက်တွဲ ဖြစ်စဉ်များနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်းသတင်းရယူမှုကို ယနေ့တွင် တတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်ကြသည်။

နံနက်ပိုင်းတွင် မောင်တောမြို့ရှိနယ်စပ်ဝင်ထွက်စခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ဖြစ်စဉ်မဖြစ်ပွားမီ နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်း ခရီးသွားလာမှုနှင့် စစ်ဆေးဆောင်ရွက်နေမှု၊ နယ်စပ်ကုန်သွယ်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာအဖွဲ့များက သိရှိလိုသည်များ ကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ခုတင်(၅၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလေ့လာကြရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ စိုးအောင်သန်းက လူမျိုးဘာသာ မရွေး ကုသပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည် ဖြေကြားသည်။

မောင်တောမြို့ ပြည်သူ့ဆေးရုံကို ၁၉၄၃ ခုနှစ်တွင် (၁၆) ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ခုတင် (၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ အလယ်သံကျော်ကျေးရွာတွင် ကွင်းဆင်းသတင်းယူနေစဉ်။ (သတင်းစဉ်)

ယင်းနောက် မောင်တောမြို့နယ် အလယ်သံကျော် ကျေးရွာသို့ ရောက်ရှိကာ လူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲပြီး ဖြစ်စဉ်ဖြစ်ပွားမှုမရှိစေရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို တွေ့ဆုံမေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ရသေ့တောင်မြို့နယ်အတွင်းရှိ ကိုးတန်ကောက် ရဲကင်းစခန်းသို့ ရောက်ရှိကြပြီး အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု အခြေအနေများကို တွေ့ဆုံမေးမြန်းကြသည်။ ဆက်လက်၍ သတင်းမီဒီယာအဖွဲ့များသည် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာများကို လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲ ဖြစ်စဉ်များ၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိမှု၊ စစ်ဆေးမှု၊ အမှုဖွင့်အရေးယူဆောင်ရွက်မှု၊ ပြစ်ဒဏ်ကျမှု၊ ပြန်လည်စေလွှတ်မှုနှင့် စစ်ဆေးဆောင်ရွက်ဆဲအခြေအနေများ၊ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိအောင်စီစဉ်ဆောင်ရွက်နေမှု အခြေအနေများ၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့၌ ဆက်လက် သတင်းရယူပြီးနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့၏စကားသံများ


**ဦးရဲနိုင်**
**(အထွေထွေမန်နေဂျာ)**


**ဦးစိုးမြင့်(အယ်ဒီတာချုပ်)**
**မဇ္ဈိမ မီဒီယာ**


**ဦးဟန်ထွေးအောင်(ခ) ဂျင်မီ ဒုဥက္ကဋ္ဌ**
**နိုင်ငံခြားသတင်းထောက်များအသင်း**


**ရွှေအင်းသားခင်မောင်ဝင်း**
**(ဓာတ်ပုံသတင်းထောက်)**


**ဦးအောင်ဆန်း(ခ) စည်သူအောင်မြင့်**
**အယ်ဒီတာချုပ်**
**Central News Bureau**

**မောင်တော ဒီဇင်ဘာ ၂၂**
ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရမှု၊ နောက်ဆက်တွဲ ဖြစ်စဉ်များနှင့်ပတ်သက်၍ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ မြေပြင်ကွင်းဆင်း သတင်းရယူမှု သုံးရက်တာခရီးစဉ်သည် ဒီဇင်ဘာ ၂၂ ရက်တွင် အောင်အောင်မြင်မြင် ဖြင့်ပြီးစီးသွားပြီးခဲ့ပြီဖြစ်သည်။

အဆိုပါ ခရီးစဉ်တွင် လိုက်ပါသွားသူများ ကြုံတွေ့ရခဲ့မှုအခြေအနေနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ပါသည်-

**ဦးရဲနိုင်(အထွေထွေမန်နေဂျာ)**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**

ကျွန်တော်တို့က အခုလိုက်ပါလာတဲ့ သတင်းမီဒီယာတွေကို လွတ်လွတ်လပ်လပ်ပဲ သတင်းရယူနိုင်အောင် စီစဉ်ပေးခဲ့ပါတယ်။ ဒါကြောင့် အားလုံးလွတ်လပ်စွာ သတင်းရယူနိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

**ဦးစိုးမြင့်(အယ်ဒီတာချုပ်)**
**မဇ္ဈိမ မီဒီယာ**

ကျွန်တော်တို့အနေနဲ့ မောင်တောဒေသဖြစ်စဉ် ဖြစ်ခဲ့တဲ့နေရာတွေကို သွားကြည့်ခဲ့တယ်။မေးခွန်းတွေလည်း မေးကြပါတယ်။ မေးခွင့်လည်းရပါတယ်။ တစ်နေရာရောက်ပြီဆိုရင် ရွာသူလည်း မေးတယ်၊ ရွာသားလည်း မေးတယ်။ ဘာသာပြန်မရှိလည်း ရှိတဲ့လူနဲ့ မေးတယ်။ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေလည်း မေးတယ်ဆိုတော့ အမြင်အမျိုးမျိုးကြားရပါတယ်။ မတူညီတာတွေလည်း ရှိတယ်။ စွပ်စွဲမှုတွေလည်း ရှိသလို ငြင်းဆိုမှုတွေလည်း ရှိပါတယ်။

တစ်ချက်ကတော့ ဖြစ်စဉ်ဖြစ်ခဲ့တဲ့ အနေအထားပေါ့။ အဲဒါကို တာဝန်ရှိသူတွေက ဘယ်လိုဖြစ်သွားတယ်ဆိုတာကို သေသေချာချာရှင်းပြတယ်။ နောက်တစ်ချက်က ဒီဖြစ်စဉ်နောက်ပိုင်းမှာ အထူးသဖြင့်လုံခြုံရေးစီမံဆောင်ရွက်မှု၊ စစ်ဆင်ရေးဝင်တယ်။ တိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီးတော့ ဆက်စပ်မှုတွေကို ရှင်းလင်းတာပေါ့။ အဲဒီမှာတော့ အငြင်းပွားဖွယ်ရာတွေရှိတယ်။ အထူးသဖြင့် အလွန်အကျွံလုပ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲမှုတွေရှိတယ်။ အဲဒါကိုတော့ ရေရှည်အချိန်ယူပြီး စုံစမ်းစစ်ဆေးမှုတွေ သေသေချာချာလုပ်ရမယ်။ ဒါကတော့ စစ်ဆင်ရေးလုပ်ခဲ့တဲ့ ကာလပါ။ အခုနောက်ပိုင်းမှာကျတော့ သက်ဆိုင်တဲ့ ဒေသခံလူတွေ တိုင်းရင်းသားတွေရော၊ အစ္စလာမ်ဘာသာဝင်တွေရော၊ ဟိန္ဒူဘာသာဝင်တွေရော သူတို့ရဲ့ စားဝတ်နေရေးခက်ခဲတာကို သူတို့တော်တော်များများပြောကြတယ်။ နောက်သူတို့ သွားလို့လာလို့မရတဲ့ အခက်အခဲတွေကို အများဆုံးပြောပြကြတယ်။ ဆေးရုံဆေးခန်းတော့ရှိတယ်။ ဒါပေမယ့်လည်း နေမကောင်းတစ်ခုခုဖြစ်ရင် သွားရလာရ ခက်ခဲတာနဲ့၊ ဝေးတာနဲ့၊ ဆက်သွယ်ရေး မကောင်းတာတွေနဲ့ဆိုတော့ ကိုယ့်ဒေသမှာပဲ ကျိတ်ပြီး တတ်နိုင်သမျှ ကုသရတယ်ဆိုတော့ ကြာလာတာနဲ့ အမျှ အခြေအနေတွေ ခက်ခဲလာနိုင်တာပေါ့။

နောက်ဆုံးတစ်ချက်ကတော့ အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုတွေဟာ ခုမှရုတ်ခြည်း ပေါ်လာတယ်ဆိုတာထက် နှစ်ပေါင်းများစွာရဲ့ အခြေအနေပေါ်မှာ အခြေခံလာရတယ်လို့ပဲ ပြောလို့ရတယ်။ မြင်လည်းမြင်သာတယ်။ အထူးသဖြင့် ခေတ်အဆက်ဆက်က မူဝါဒအနေအထားတွေကို ပြန်ပြီးတော့ကြည့်သင့်ပါတယ်။ ချက်ချင်းပြင်လို့ဆင်လို့တော့ မရနိုင်ဘူး။ ရေရှည်သေချာလေ့လာ၊ သေချာစုံစမ်းပြီးတော့ သက်ဆိုင်သူတွေအားလုံးပါဝင်ပြီး ဆွေးနွေးအဖြေရှာဖို့လိုမယ်။ အပေါ်က လိုအပ်တဲ့ မူဝါဒပြုပြင်ပြောင်းလဲရေး လုပ်ဖို့၊ အဲဒီမူဝါဒပြုပြင်ပြောင်းလဲရေးကိုလည် တကယ်တိတိကျကျ အောက်ခြေမှာလည်း အကောင်အထည်ဖော်နိုင်ဖို့ လိုပါတယ်။

**ဦးဟန်ထွေးအောင်(ခ) ဂျင်မီ**
**ဒုဥက္ကဋ္ဌ၊ နိုင်ငံခြား**
**သတင်းထောက်များအသင်း**

ကျွန်တော်တို့ကို မောင်တောဒေသ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ခေါ်လာတယ်။ ခရီးစဉ်မှာ လွတ်လွတ်လပ်လပ်မေးလို့ရအောင် စီစဉ်ပေးပါတယ်။ ရွာတွေလည်း တော်တော်များများ စုံစုံလင်လင် ရောက်ခဲ့ပါတယ်။ ဒီမြေပြင်ခရီးစဉ်မှာ ကျွန်တော်တို့ ဘာတွေ မြင်ရလဲဆိုရင် တချို့ရွာတွေမှာ အိမ်တွေမီးလောင်ထားတာ တွေ့တယ်။ နောက်တစ်ခါ မုဒိမ်းကျင့် ခံရတဲ့ကိစ္စတွေရှိတယ်လို့ ကြားရ တယ်။ တစ်ဖက်က စကားပဲ ကြားရတာ တိတိကျကျဖြစ်အောင် အစိုးရဘက် က ရှင်းလင်းသင့်တယ်။ မရှင်းလင်းတော့ တစ်ဖက်စကားနဲ့ တင် ကမ္ဘာကို ပျံ့ပြီးတော့ အပေါ်မှာ စွပ်စွဲချက်တွေက များနေတယ်။ အမှန်ကတော့ တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာကို ထိပါးခံရတယ်။ အဲဒါက တစ်ဖက်ပါ။ ဒီလိုဖြစ်စဉ်တွေ ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက်ကလည်း ပြန်ရှင်းရမလို ဖြစ်နေတယ်။ စွပ်စွဲချက်တွေကို တိတိကျကျနဲ့ ပြန်လည်ပြီးတော့ ရှင်းပေးနိုင်ရင် ပိုကောင်းမယ်လို့ ယူဆပါတယ်။

**ဦးအောင်ဆန်း(ခ) စည်သူအောင်မြင့်**
**အယ်ဒီတာချုပ်၊**
**Central News Bureau**

ကျွန်တော့် အတွေ့အကြုံအရဆို တစ်ခါမှ မကြုံဖူးဘူး။ အဓိကတော့ ဒီအစိုးရလက်ထက်မှာ ပဋိပက္ခဖြစ်တဲ့ နေရာတွေကို နိုင်ငံတကာသတင်းထောက်တွေ အပါအဝင် ပြည်တွင်း ပြည်ပသတင်းထောက်တွေ သွားပြီးတော့မှ သတင်းယူခွင့်ရအောင် စီစဉ်ပေးပြီးလုပ်တာ ဒါပထမဦးဆုံး အကြိမ်ပါ။ တော်တော်ကို ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီမောင်တောဒေသကို လာတဲ့အခါမှာလည်း လိုက်ပါလာတဲ့ လူတွေအကုန် လုံးက တစ်ဦးချင်းအတွက် ဆိုရင် ဘာမှ အကန့်အသတ်မရှိဘူး။ ရောက်တဲ့ နေရာမှာ မေးချင်တဲ့သူတွေကို ကျွန်တော်တို့ လွတ်လွတ်လပ်လပ် မေးလို့ရတယ်။ ဖြေတဲ့သူတွေလည်း ဘာမှပြဿနာမရှိဘူး။ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော်တို့ကို ဖြေတယ်။ ဒါကြောင့် သတင်းလွတ်လပ်ခွင့်နဲ့ဆိုလည်း ကျွန်တော်တို့လွတ်လွတ်လပ်လပ် သတင်းယူလို့ရတယ်။ ဒီခရီးစဉ်ကနေ ကျွန်တော်တို့ပြန်ရောက်ရင် ရရှိတဲ့အတိုင်းကို ဖော်ပြခွင့်ရှိမယ်လို့ ကျွန်တော်ထင်တယ်။ အတော်ကောင်းတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။

**ရွှေအင်းသားခင်မောင်ဝင်း**
**(ဓာတ်ပုံသတင်းထောက်)**

ဒီနေရာက ကျွန်တော်အလွတ်တန်းသတင်းထောက် တစ်ယောက်အနေနဲ့ ရောက်ချင်ခဲ့တဲ့ နေရာဖြစ်ပါတယ်။ နောက်ပြီး တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ နေရာဖြစ်ပါတယ်။ ကမ္ဘာကလည်း စိတ်ဝင်စားနေတယ်။ လူတွေက ပုံစံအမျိုးမျိုးပြောနေပေမယ့် အခုမျက်မြင်ကိုယ်တွေ့မြင်ခဲ့ရပြီ။ မြေပြင်ကွင်းဆင်းကြည့်တော့လည်း အပြင်မှာ ပြောနေတာတွေ၊ ကြားနေတာတွေနဲ့ တခြားစီ ဖြစ်နေတာကိုတွေ့ရတယ်။ တချို့မီးတွေ ရှို့တယ်ပြောတာတွေဟာ ဒီလို တိုက်ခိုက်မှုတွေ ဖြစ်နေတဲ့ အချိန်မှာ ဟိုဘက်ဒီဘက်က တစ်ခုခုတော့ ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် မျက်မြင်တွေ့ရတော့ အဲလိုမဟုတ်ဘူး။ ကြားနေရတာတွေနဲ့လည်း ကွဲပြားနေတာ တွေ့ရတယ်။ ကွန်မြူနတီအားလုံးက စုစုစည်းစည်းနေချင်တယ်။ အကြမ်းဖက်ချင်တဲ့ သူကဖက်မှာပဲ။ အကြမ်းမဖက်ချင်တဲ့ သူကတော့ ရိုးရိုးသားသားနေချင်ကြတယ်။ ဒီခရီးစဉ်မှာ လိုက်ပါခွင့်ရတာ ကျွန်တော့်အနေနဲ့ အားရကျေနပ်မိတယ်။ ပြည်တွင်းရော ပြည်ပရော အကောင်းဆုံးနဲ့ အမှန်ကန်ဆုံးဖြစ်အောင် တင်ပြသွားမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ကိုဖိတ်တယ်ဆိုတာအလွန်လည်း ဝမ်းသာမိတယ်။ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ **စာမျက်နှာ ၁၁ သို့**

## နောင်ချိုမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအား ICRC မှ ကူညီထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၂၂**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မှ ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် နောင်ချိုမြို့နယ် ရေမောင်းတန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ စစ်ဘေးရှောင်ပြည်သူ ၈၆ ဦးအတွက် ငွေကျပ် ၉၆၀၀၀၀ တန်ဖိုးရှိ ဆေးစိမ်ခြင်ထောင် ၄၁ လုံးနှင့် စောင် ၅၅ ထည် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





## ဟိန္ဒူအရေးပေါ်ကူညီရေးအသင်းမှ ငါးခူရကျေးရွာရှိ ရပ်မိရပ်ဖများအား ကူညီထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၂၂**
ဟိန္ဒူအရေးပေါ်ကူညီရေးအသင်းမှ ဦးနေမောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဆန် ၂၈ အိတ်၊ ပဲ နှစ်အိတ်၊ ဆာရီစ ၂၄ ထည်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

## တပ်မတော်စစ်ကြောင်းအား ဓာတ်ပုံရိုက်ယူပြီး မော်တော်ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသူ မသက်ာဖွယ်အမျိုးသားတစ်ဦးကို တပ်မတော်စစ်ကြောင်းက ခြောက်လှန့်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**
ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းအား ဓာတ်ပုံရိုက်ယူပြီး ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေးသူ မသင်္ကာဖွယ် အမျိုးသားတစ်ဦးကို တပ်မတော်စစ်ကြောင်းက ဟန့်တား ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

တနိုင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းသည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် တိန်ကောက်ကျေးရွာ၏ အရှေ့ဘက်သို့ရောက်ရှိစဉ် မသင်္ကာဖွယ် အမျိုးသားတစ်ဦးက လုံခြုံရေးယာဉ်တန်းအား ဓာတ်ပုံရိုက်ယူသဖြင့် တပ်မတော်စစ်ကြောင်းမှ စစ်သည်တစ်ဦးက ဓာတ်ပုံရိုက်ခြင်းမပြုရန်နှင့် ရိုက်ထားသည့်ဓာတ်ပုံများအားပြန်ပေးရန် ပြောကြားခဲ့သော်လည်း ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်ဘီးကို သေနတ်ဖြင့် ဟန့်တားပစ်ခတ်ခဲ့ရာ ကျေးရွာအဝင်လမ်းဘေးရှိ ကေဘယ်လ်လိုင်းဆောက်လုပ်ရေးခွင် ယာယီတဲ၌ ထမင်းချက်နေသည့် အမျိုးသမီးတစ်ဦးအားထိမှန်ပြီး မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သဖြင့် တနိုင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မသင်္ကာဖွယ်အမျိုးသားအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မုံးကိုးမြို့အနီး လက်နက်၊ မိုင်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးကိုးမြို့၏အရှေ့ဘက် လယ်ကွင်းအနီးချုံအတွင်းမှ လက်နက်၊ မိုင်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိကြောင်း သိရသည်။

မုံးကိုးမြို့အနီးတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲခန့်က မုံးကိုးမြို့၏ အရှေ့ဘက်နှစ်မိုင်ခွဲခန့်အကွာရှိ လယ်ကွင်းအနီးချုံအတွင်းမှ အမ်-၇၉ ဗုံးပစ်လောင်ချာတစ်လက်၊ အစိမ်းရောင် ကျောပိုးအိတ်သုံးလုံး၊ အာရ်ပီဂျီ ဗုံးသီးလေးလုံး၊ နင်းမိုင်း(အသေး) သုံးလုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ လက်ပစ်ဗုံးလေးလုံး၊ ခေါက်ဂေါ်ပြားလေးလက်နှင့် ဆေးဝါးမျိုးစုံ အိတ်တစ်အိတ်တို့အား သိမ်းဆည်းရမိခဲ့ပြီး အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လောက်ကိုင်မြို့အတွင်းမှ MNDAA လက်နက်ကိုင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့အတွင်း တပ်မတော်စစ်ကြောင်းများက လုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် MNDAA လက်နက်ကိုင်အဖွဲ့မှ တပ်သားအဆင့်ရှိသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများက လောက်ကိုင်မြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ရပ်ကွက်(၃) ဘုံခုနစ်ဆင့်အဝိုင်းအနီး၌ မသင်္ကာဖွယ်လူတစ်ဦး တွေ့ရှိရသဖြင့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ MNDAA လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁၁၁)မှ တပ်သားအဆင့်ရှိ ကျူအားချိန်ဆိုသူဖြစ်ကြောင်း၊ မေလတွင် လောက်ကိုင်မြို့၌ ဆံပင်ညှပ်လုပ်ငန်းလုပ်ကိုင်စဉ် သူငယ်ချင်းဖြစ်သူ၏ အဆက်အသွယ်ဖြင့် MNDAA လက်နက်ကိုင်အဖွဲ့သို့ဝင်ရောက်ခဲ့ပြီး အောက်တိုဘာလတွင် လောက်ကိုင်မြို့၌ ပြန်လည်ဝင်ရောက်နေထိုင်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**
မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်အရှေ့ကျေးရွာရှိ ဇာဟိတူဆောင်း၏ စျေးဆိုင်အား ယမန်နေ့ ညနေ ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေရာ တန်ဖိုးငွေကျပ် သိန်းတစ်ရာ့ကိုးဆယ်ခန့်ရှိ WY စာတန်းပါ စိတ်ကြွဆေးပြား ၉၅၀၀ သိမ်းဆည်းရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**✱ တိုယိုတာမှ**

လက်ရွေးစင် ကစားသမားများဖြစ်သည့် အောင်သူ၊ ရဲကိုဦး၊ ဝင်းနိုင်စိုး၊ ရန်အောင်လင်း(ဂိုး)တို့လည်း ပါဝင်ခဲ့သည်။

မဲခေါင်တိုယိုတာ ဖလားပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ဧရာဝတီအသင်း၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ခဲ့ဖူးပြီး ဧရာဝတီအသင်းသည် ဒုတိယနေရာရရှိခဲ့သော်လည်း ရန်ကုန်အသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**(ရဲရင့်ရှိန်း)**

## စပါးခြွေလှေ့စက်များတင်ဆောင်လာသော ခြောက်ဘီးယာဉ် ချောက်ထဲထိုးကျ

**အမ်း ဒီဇင်ဘာ ၂၂**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အမ်းတောင်အုပ်စု ဆင်ခုံကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက မင်းဘူးဘက်မှ အမ်းဘက်သို့ မောင်းနှင်လာသော ISUZU ခြောက်ဘီးယာဉ်သည် ဘရိတ်ပေါက်ကာ ပေ ၁၀၀ ခန့်အနက်ရှိချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဆင်ခုံတိုင်ကျေးရွာအနီး မိုင်တိုင်အမှတ်(၇၈/၆-၇)အကြား ယာဉ်တိမ်းမှောက်နေရာသို့ အမ်းမြို့မရဲစခန်းမှ ဒု-ရဲမှူးသောင်းလွင်နှင့် ရဲတပ်သားငါးဦးပါဝင်သော အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မင်းဘူးမှ အမ်းမြို့သို့ သက်အောင်(၅၆)နှစ် ရွှေပြည်သာမြို့သစ် ရန်ကုန်မြို့နေသူ မောင်းနှင်သော စပါးခြွေလှေ့စက်များ တင်ဆောင်လာသည့် 4H/--- ISUZU ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ ဝဲဘက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းသူမှာ အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ ယာဉ်ပေါ်တွင် လိုက်ပါလာသူသုံးဦးသည် တင်ဆောင်လာသည့် ကုန်ပစ္စည်းများပြားသဖြင့် အခင်းဖြစ်စဉ်တွင် ပါမသွားဘဲ ကျန်ခဲ့ကြောင်း၊ အခင်းဖြစ်နေရာသို့ အမ်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သန်းဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# "ကာတွန်းအဖော်-စာဖတ်ပျော်" ကလေးစာကြည့်တိုက်အစီအစဉ်ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)က ကလေးသူငယ်များ၏ စာဖတ်ရှိန်မြှင့်တင်ရေးကို ကာတွန်းရုပ်ပုံများပါဝင်သည့် ကလေးစာပေများမှတစ်ဆင့် အထောက်အကူပြုရန်နှင့် ကလေးသူငယ်များကို ဉာဏ်ရည်ဖွံ့ဖြိုးစေပြီး တီထွင်ဖန်တီးတတ်သည့် အလေ့အကျင့်များ ပိုမိုမြင့်မားလာစေရန်အတွက် **"ကာတွန်းအဖော်-စာဖတ်ပျော်"** ကလေးစာကြည့်တိုက်အစီအစဉ်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ (နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ) အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ ကာတွန်းရုပ်ပြစာအုပ်စာတမ်းများ ပြပွဲ၊ ဝါရင့်ကာတွန်းဆရာကြီးများ၏ အမှတ်တရ ကာတွန်းရေးဆွဲခြင်း၊ ပုံပြင်ပြောခြင်းအစီအစဉ်၊ ပညာပေးဇာတ်လမ်း၊ ဉာဏ်စမ်းပဟေဠိ၊ ပုံဆွဲခြင်း၊ ကလေးစာပေများ ရောင်းချခြင်းစသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ သကြားစက်မှ ရေဆိုးစနစ်တကျစွန့်ပစ်ကြောင်း တာဝန်ရှိသူများကို လက်တွေ့ပြသရှင်းလင်း

**ထီးချိုင့် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းသကြားစက်မှ ဧရာဝတီမြစ်အတွင်း ရေစွန့်ထုတ်မှုနှင့်ပတ်သက်ပြီး ကြေးမုံသတင်းစာ ၁၉ ရက်နေ့ထုတ် သတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းတွင် စက်ရုံဝင်းအတွင်းခေါ်၍ လိုက်လံပြသရှင်းလင်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဟန်၊ ထီးချိုင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇင်လင်းနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲကြည်၊ ထီးချိုင့်မြို့နယ် NLD အမှုဆောင် ဦးဝင်းဇော်ထွန်းတို့ကို စက်ရုံဝင်းအတွင်း ခေါ်ယူ၍ ရေစွန့်မှုစနစ်အကြောင်းရှင်းပြခဲ့ကြောင်း သိရသည်။



စက်ရုံမှူး ဦးကျော်နိုင်က ရေဆိုးထုတ်ရာတွင် ရေကိုအနည်ထိုင်စေရာ၌ ကန်သုံးကန်ကို အနည်ထိုင်စေ၍ ရေသန့်စင်စက်ဖြင့်ရေကိုသန့်စင်ပြီးမှ နောက်ထပ်တစ်ဖန် အနည်ထိုင်စေ၍ မြစ်ထဲသို့စွန့်ထုတ်ကြောင်း လိုက်လံပြသရှင်းလင်းခဲ့ကြောင်း သိရသည်။ စက်ရုံပြန်လည်ပတ်ချိန်မှစ၍ စည်းကမ်းတကျဖြစ်အောင် လုပ်ဆောင်နေကြောင်း၊ စက်ရုံခေါင်းတိုင်မှပြာများ မထွက်ရှိနိုင်အောင် ခေါင်းတိုင်ထဲ၌ အဆင့်မြင့် ရေပန်းတပ်ဆင်ထားပြီး ပြာကိုအနည်ထိုင်စေကြောင်း၊ အနည်ကျလာသောပြာကို စိုက်ပျိုးရေး၌ ပြန်အသုံးချကြောင်း၊ အီသနော စက်ရုံ၊ မြေဆီစက်ရုံကို စက်လည်ပတ်မှုရပ်ဆိုင်းထားသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း လက်တွေ့ပြသရှင်းပြခဲ့၍ တာဝန်ရှိသူများက လိုက်လံစစ်ဆေးရာတွင် အနံ့အသက်များကင်းစင်ပြီး ပြာများ ပျံ့လွင့်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

**အေးလွင်(ကသာ)**

**စာမျက်နှာ ၉ မှ**

**ဦးမြတ်သူရ (သတင်းထောက်)**
**Kyodo News**

သွားရတဲ့ခရီးစဉ်က လွတ်လပ်ပါတယ်။ လွတ်လွတ်လပ်လပ် ရွာတွေထဲကို သွားလို့ရတယ်။ မေးလို့ရတယ်။ တစ်ခုရှိတာက အချိန်နည်းနည်းတိုတယ်။ အချိန်တိုတာကလည်း နယ်မြေလုံခြုံရေးကြောင့်လည်း ပါပါတယ်။ ဒါပေမယ့် ဒီထက်ပိုပြီးတော့ အချိန်လေးရအောင် လုပ်ပေးနိုင်ရင် ပိုကောင်းတယ်။ အခုဟာက အချိန် ၁၅ မိနစ်၊ မိနစ် ၂၀ အတွင်း ပြေးပြေးလွှားလွှား လုပ်ရတာရှိတယ်။

နောက် ဒီခရီးစဉ်က ဖြစ်စဉ်အမှန်တွေနဲ့ပတ်သက်ပြီး သတင်းအမှန်တွေ ထုတ်နိုင်အောင်လို့ဆိုပြီး ပထမဦးဆုံး စတင်လုပ်ကြည့်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ အဲဒီမှာ ခရီးစဉ်နဲ့မဆိုင်တဲ့ ဆေးရုံသွားတာ၊ ဈေးသွားတာလေးတွေက ကျွန်တော်တို့ အလုပ်လုပ်တဲ့အခါကျတော့ မဆိုင်တာလေးတွေဖြစ်နေတယ်။ ကိုယ်က အလုပ်လုပ်စရာရှိတာလုပ်ပြီး သတင်းရေးစရာရှိတာ ရေးရမယ်။ အလုပ်လုပ်စရာ လုပ်ရမယ်ဆိုတော့ အဲ့ဒီကိစ္စတွေကြောင့် လူကပိုပင်ပန်းတယ်။ ပိုပြီးတော့မှ အချိန်ကုန်တယ်။ အဲလိုမျိုးလေးတွေတော့ အနည်းငယ်ကြုံရတယ်။ MRTV တို့၊ သတင်းစဉ်တို့အတွက် ဆိုရင်တော့ တစ်မျိုးပေါ့။ ဒါကတော့ အစိုးရသတင်းစာရဲ့ စတိုင်ပေါ့။ ပြည်ပတွေ၊ ပြည်တွင်း ပုဂ္ဂလိကမီဒီယာတွေအတွက်ကျတော့ အစိုးရသတင်းစာပုံစံမျိုးနဲ့ စီစဉ်တဲ့အခါနည်းနည်းတော့ အံချော်တာလေးတွေ ရှိတာပေါ့။ ကျန်တာအားလုံးကတော့ ကန့်သတ်ထားတာ ဘာမှမရှိပါဘူး။ ကျွန်တော်တို့မေးချင်တာ အကုန်မေးလို့ ရပါတယ်။ ဖြေတဲ့သူတွေကလည်း ရဲရဲတင်းတင်း ဖြေရဲ၊ ပြောရဲတယ်ဆိုတော့ ကျွန်တော်တို့တောင် အံ့သြတယ်။ နောက်ပြီး အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရတဲ့ ကျီးကန်းပြင်ဌာနချုပ်က ရဲမှူးချုပ်နဲ့တွေ့ဆုံပေးတာတွေကတော့ ကောင်းပါတယ်။ သဘောကျပါတယ်။

**ဦးညဏ်လင်းအောင်**
**(အကြီးတန်းသတင်းထောက်)**
**မြန်မာတိုင်း(မ်)**



ဦးညဏ်လင်းအောင်

ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အချက်နှစ်ချက်ရှိတယ်။ အစိုးရက ဒီလိုမျိုး မီဒီယာတွေကို စီစဉ်ပေးတယ်ဆိုတာ နောက်ပိုင်းအခြေအနေတွေအတွက် အလားအလာကောင်းတဲ့ အခြေအနေတစ်ခုပါ။ ဒီဒေသရဲ့ ဖြစ်စဉ်ဖြစ်တဲ့ကာလအတွင်းမှာ ကျွန်တော်တစ်ကြိမ် လုပ်ခဲ့ဖူးတယ်။ ဒါပေမယ့် အဆင်မပြေဘူး။ ဒီလိုမျိုး မီဒီယာတွေကို အစိုးရအနေနဲ့ မကြာခဏ စီစဉ်ပေးတာမျိုး လုပ်သင့်တယ်။ ပိုကောင်းတာက မီဒီယာတွေကို အစိုးရက စီစဉ်ပေးတာမျိုးမဟုတ်ဘဲနဲ့ လွတ်လွတ်လပ်လပ် သူတို့ကိုယ်တိုင် သွားယူတဲ့ အခြေအနေမျိုးကို ဖန်တီးပေးနိုင်မယ်ဆိုရင် ပိုပြီးကောင်းမယ်လို့ ထင်တယ်။ အခုကတော့ ကျွန်တော်တို့သွားခဲ့တဲ့ နေရာတွေက ပုံမှန်အားဖြင့်တော့ မီဒီယာအနေနဲ့ သတင်းယူဖို့နယ်မြေကန့်သတ်ထားတဲ့ နေရာတွေဖြစ်ပါတယ်။ နောက်ပြီး တကယ့်ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့နေရာတွေကို လွတ်လွတ်လပ်လပ် သွားခွင့်ရတယ်။ မျက်မြင်တွေ့ခွင့်ရတယ်။ ဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့သူတွေ၊ အနီးပတ်ဝန်းကျင်မှာရှိတဲ့သူတွေနဲ့လည်း တွေ့ခွင့်ရတယ်။ အဲ့လိုတွေ့ခွင့်၊ မေးခွင့်ရတယ်ဆိုတော့ နိုင်ငံတကာမှာရော၊ ပြည်တွင်းမှာပါ ဖြစ်ပေါ်နေတဲ့ ကောလာဟလတွေကို ပိုပြီးတော့ သုံးသပ်လို့ရပါတယ်။ ။

**အမေး၊ အရေး-**
**တင်မောင်လွင်(မြန်မာ့အလင်း)၊**
**ဇေယျာ(မိုင်ရာ)၊ ဓာတ်ပုံ-မောင်မွေး**

# Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့အမှု အာမခံ ဒုတိယအကြိမ်လျှောက်ထားမှု ထပ်မံပယ်ချခံရ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ခဲ့ရာ အာမခံ ဒုတိယအကြိမ် လျှောက်ထားမှုကို တာမွေမြို့နယ် တရားရုံးက ပယ်ချလိုက်ပြီး လာမည့်ရုံးချိန်းတွင် တရားလိုဘက်ကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

"ကျန်းမာရေးမကောင်းတဲ့အကြောင်းကို တင်ပြပြီး အာမခံလျှောက်ထားတဲ့အခါမှာ ထောင်အတွင်းက ဆေးကုသမှုမှတ်တမ်းတွေမပါဘဲ လျှောက်ထားခဲ့တယ်။ မျက်မြင်တွေ့ရှိမှုအရဆိုရင် စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်အနေနဲ့ ရုံးတော်ကို ပက်လက်အနေအထားမျိုးနဲ့ ရောက်ရှိလာတာမျိုးရှိသလို ဗိုးလ်ချဲနဲ့ ရောက်လာတာမျိုးတွေလည်း ရှိခဲ့ပါတယ်။ အဲဒီအပေါ်မှာ ထောင်ဆရာဝန်ကို စစ်ဖို့ဆင့်ခေါ်ခဲ့တယ်။ ထောင်ဆရာဝန်အနေနဲ့ သက်သေမခံခဲ့လို့ အကျဉ်းထောင်အတွင်းမှာ ဦးသန်းထွဋ်အောင် ဆေးကုသမှုခံယူခဲ့ခြင်း ရှိ၊ မရှိ ဆိုတဲ့အခြေအနေနဲ့ပတ်သက်ပြီး ထောင်အတွင်း ဆေးကုသမှုမှတ်တမ်း တင်သွင်းရန် ချိန်းဆိုခဲ့တယ်။ အကျဉ်းထောင် ဆရာဝန်အနေနဲ့ ဆေးကုသမှုမှတ်တမ်း တစ်စုံတစ်ရာ တင်သွင်းခြင်းမရှိတဲ့အပြင် ခိုင်လုံတဲ့ အထောက်အထားမျိုး တင်ပြနိုင်ခြင်းမရှိတဲ့အတွက် အာမခံပယ်ချလိုက်ရတာပါ" ဟု တာမွေမြို့နယ် တရားသူကြီးက ပြောကြားသည်။

ထို့အပြင် အကျဉ်းထောင်တာဝန်ခံ ပေးပို့လိုက်သည့် စာတွင်လည်း စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်အနေဖြင့် အကျဉ်းထောင်အတွင်း၌ ဆေးရုံတက်ရောက်ကုသနေရသည့် ဆေးမှတ်တမ်း အထောက်အထားမျိုး ပါဝင်တင်ပြလာခြင်းမရှိသည့်အတွက် အာမခံကို ပယ်ချလိုက်ရခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

"ဆရာတို့လျှောက်ထားတဲ့ အာမခံကို အပေါ်မှာ အထောက်အထားမခိုင်လုံဘူးဆိုပြီး ပယ်လိုက်တယ်။ ထောင်ဆရာဝန်မလာဘဲ သူ့ရဲ့ကိုယ်စားထောင်ပိုင်ကြီးက စာပြန်ကြားလိုက်တာကို တွေ့ရတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့ တရားသူကြီးက ပယ်ကြောင်း အမိန့်ချလိုက်တယ်။ အမိန့်ကိုနားထောင်လိုက်တဲ့ အခါမှာတော့ ဆရာတို့ တင်ပြထားတဲ့ အချက်တွေနဲ့ ကွဲလွဲနေတာတွေ့ရတယ်။ အဲဒီအပေါ်မှာ ဆရာတို့အနေနဲ့ စိစစ်ပြင်ဆင်ပြီးတော့ မူလရုံးမှာပဲ အချက်အလက်အသစ်နဲ့ တင်ရမလား။ ပြင်ဆင်မှုတက်ရမလားဆိုတာတော့ မဆုံးဖြတ်ရသေးပါဘူး" ဟု အဆိုပါအမှုတွင် စွပ်စွဲခံရသူတို့ဘက်မှ လိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က မီဒီယာများကို ပြောသည်။

အဆိုပါအမှုကို ဒီဇင်ဘာ ၃၀ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် တရားလိုဘက်ကို စစ်ဆေးသွားမည်ဖြစ်ရာ တရားလိုပြသက်သေ ၁၂ ဦး တင်သွင်းထားသည့်အနက် တရားလို ဦးမိုးဟိန်းကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**နောင်ချို ဒီဇင်ဘာ ၂၂**

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၁/၂၀၁၆) ဖွင့်ပွဲကို နောင်ချိုမြို့ မြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု ၄၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လျှပ်စစ်မီးဖိုဖြင့် ဝက်အူချောင်းကြော်ထားပြီး အိပ်ပျော်သွားရာမှ ဆီများအပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွား

**မကွေး ဒီဇင်ဘာ ၂၂**

မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် ရန်ကင်း(၉)လမ်းနှင့် ယုဇနလမ်းထောင့်ရှိ ရတနာစိုးပွဲရုံတွင် ယနေ့နံနက် ၂ နာရီ မိနစ် ၂၀ က လျှပ်စစ်မီးဖိုဖြင့် ဝက်အူချောင်းကြော်ထားပြီး အိပ်ပျော်သွားရာမှ ဆီများအပူလွန်ကဲကာ အနီးရှိစားဆီပုံးများသို့ ကူးစက်မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ဝင်းစိန် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ ဆည်မြောင်း ရေသယ်ယာဉ်တစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် တစ်စီး စုစုပေါင်း ၁၉ စီးဖြင့် သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲအချိန်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် (ပေ ၄၀× ပေ ၆၀) သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းအဆောက်အအုံ တစ်လုံး၊ (ပေ ၅၀×ပေ ၆၀)သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းအဆောက်အအုံ တစ်လုံး၊ (ပေ ၁၅× ပေ ၃၀) သွပ်မိုး၊ မြေစိုက် (အကာမပါ) ဂိုဒေါင်တစ်လုံး၊ ပေါင်း သုံးလုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးပေါ့ဆမှုကြောင့် မန်နေဂျာ ဦးရန်နိုင်စိုးအား မကွေးနယ်မြေရဲစခန်းက (ပ)၂၁၉၉/ ၂၀၁၆၊ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ တစ်နှစ်တာလုပ်ဆောင်ချက်၊ အားနည်းချက်နှင့် စိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရုံးခွဲ၌ ဆက်လက်ကျင်းပခဲ့သည်။

ပထမဆုံးအကြိမ်အဖြစ် နှစ်ရက်တာကျင်းပသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ မျက်နှာစုံညီအစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S )တို့ တစ်နှစ်တာလုပ်ဆောင်ချက်၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တွေ့ရှိရသောအားနည်းချက်နှင့် စိန်ခေါ်မှုများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ နှစ်သစ်တွင် အကောင်အထည်ဖော်ဖြေရှင်းမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအဖြေရှာခဲ့ကြသည်။

စုံညီအစည်းအဝေးအပြီးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် JMC-U သာမက ပြည်နယ်/တိုင်းဒေသကြီးအဆင့် JMC-S ကလည်း ပူးတွဲအကောင်အထည်ဖော်ခြင်းဖြစ်သည့်အတွက် ပူးတွဲအကောင်အထည်ဖော်ရန် တိုက်တွန်းလိုကြောင်း၊ နယ်မြေသတ်မှတ်သည့် ကိစ္စများ၊ မိုင်းရှင်းလင်းသည့် ကိစ္စများသည် မလွဲမသွေဆောင်ရွက်ရမည်ဖြစ်သောကြောင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် JMC-S အဆင့်ကတည်းကစတင်ဆွေးနွေး၍ စီမံချက်များစတင်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးကိုယ်စား JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲနှင့် အရပ်ဘက်အဖွဲ့များဘက်မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ငြိမ်းတို့က အမှာစကားပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ စိန်ခေါ်မှုများအဖြစ် JMC-U နဲ့ JMC-S ကြားတွင် မည်သည့်ပုံစံမျိုးဖြင့်ဆက်ဆံပူးပေါင်းဆောင်ရွက်ရန်၊ JMC-S တွင် ထားမည့် ရုံးဝန်ထမ်းကိစ္စ၊ မြေမြှုပ်မိုင်းကိစ္စ၊ နယ်မြေသတ်မှတ်မှုကိစ္စ၊ ဒေသတွင်း စောင့်ကြည့်မည့်အရပ်ဘက်အဖွဲ့များအတွက် သင်တန်းဆိုင်ရာကိစ္စနဲ့ သင်ရိုးညွှန်းတမ်းစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

စုံညီအစည်းအဝေးသို့ ပြည်ထောင်စုအဆင့်(JMC-U)နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများမှ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အစုအဖွဲ့နှင့် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များစုံလင်စွာ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲနှင့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က JMC စုံညီအစည်းအဝေးနှင့်ပတ်သက်သည့် အကြောင်းများကို



ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

မီဒီယာများနှင့်တွေ့ဆုံ၍ ဖြေကြားခဲ့သည်။

**JMC ရုံးပိုင်းဆိုင်ရာကိစ္စရပ်များ**

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**

JMC-S နဲ့ JMC-U ဆက်သွယ်တဲ့နေရာမှာရုံးပိုင်းဆိုင်ရာကိစ္စဆောင်ရွက်ရမယ်။ JMC-U က ပို့တဲ့စာ သက်ဆိုင်ရာ JMC-S အဖွဲ့ဝင်တွေဆီရောက်ဖို့၊ JMC-S က ပို့တာတွေလည်း သက်ဆိုင်တဲ့ JMC-U အဖွဲ့ဝင်တွေဆီရောက်ဖို့ပေါ့။ ရုံးလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ စနစ်တကျထားပြီးဆောင်ရွက်ဖို့ပါ။ မိုင်းရှင်းလင်းရေးဆောင်ရွက်ဖို့ ဒီနေ့ဆွေးနွေးတာကတော့ မိုင်းရှင်းလင်းရေးဆောင်ရွက်ဖို့ စလုပ်မယ်ဆိုလုပ်နိုင်အောင် စီမံချက်ရေးဆွဲသွားဖို့နဲ့ အဲဒီကိစ္စတွေကို JMC-S မှာပဲဆွေးနွေးသွားဖို့ ဆွေးနွေးဖြစ်ပါတယ်။

**တပ်မတော်နဲ့ RCSS/SSA ထိတွေ့မှုဖြစ်စဉ်ကို ဘယ်လိုဖြေရှင်းခဲ့ပါသလဲ။**

**ဒေါက်တာရွှေခါးရဲ**

RCSS နဲ့က ကြီးကြီးကျယ်ကျယ်မရှိပါဘူး။ မူးယစ်ဆေးဝါး ဝင်လာတယ်ဆိုတာကို RCSS ဘက်ကလည်း သတင်းရတယ်။ တပ်ဘက်ကလည်း သတင်းရတယ်။ ဒါကိုစုံစမ်းရင်းနဲ့ မတော်တဆဖြစ်တာပါ။ မမျှော်လင့်ဘဲနဲ့ ဆုံတွေ့တယ်လို့ပဲ ကျွန်တော် အကြမ်းဖျင်းသိထားတယ်။ ဒါဟာနယ်မြေပိုင်းခြားသတ်မှတ်မှုတိတိကျကျ မရှိသေးတာရယ်၊ အောက်ခြေပိုင်းမှာ ဆက်သွယ်မှုစနစ်ကကောင်းကောင်းပြည့်ပြည့်စုံစုံမလုပ်သေးတာရယ်၊ JMC-S ကလည်း ကောင်းကောင်း မလည်ပတ်နိုင်သေးတာရယ်ကြောင့် ဖြစ်ရတယ်လို့ သိရပါတယ်။

**နယ်မြေသတ်မှတ်မှုကို ဘယ်လိုဆောင်ရွက်မလဲ၊ JMC ကို ပိုမိုခိုင်မာအောင်ဘယ်လိုလုပ်မလဲ၊ JMC မှာပြည်ပအဖွဲ့အစည်းတွေကို ပါဝင်ခွင့်ပြုမလား။**

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**

နယ်မြေသတ်မှတ်မှုနဲ့ ပတ်သက်ပြီး JMC-U မှာတော့ မူဝါဒချမှတ်ပြီးပါပြီ။ JMC-S က JMC ယန္တရားလည်ပတ်ဖို့ အဓိကနေရာလိုဖြစ်နေပါတယ်။ နယ်မြေသတ်မှတ်တဲ့အခါမှာ JMC-S အစည်းအဝေးတွေမှာ အရင်ဆုံးညှိနှိုင်းသတ်မှတ်ပြီး JMC-U ကို တင်ဖို့မူဝါဒချမှတ်ပေးထားပါတယ်။ ဒါကြောင့် JMC-S အဆင့်မှာ အရင်ဆုံးစတင်ညှိနှိုင်းရမှာပါ။

လက်ရှိ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေနဲ့ တပ်မတော်ကို JMC မှာချမှတ်ထားတဲ့ လုပ်ငန်းလမ်းညွှန်နဲ့ နှစ်ဘက်တပ်တွေလိုက်နာရမယ့် ကျင့်ဝတ်(CoC)ကို အဓိကလိုက်နာပြီး မချိုးဖောက်ဖို့အတွက်ပဲ သက်သေပြလို့ရပါတယ်။ CoC ကိုလိုက်နာရင် နှစ်ဖက်ဘာမှ ဖြစ်စရာမရှိပါဘူး။ ရှိရင်လဲ ပေါ့ပေါ့ပါးပါးကိစ္စလောက်သာမို့ အောက်ခြေမှာတင် ဖြေရှင်းနိုင်ပါတယ်။ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေကို ပါဝင်စေချင်တယ်။ သူတို့ပါဝင်လာအောင်လည်း နမူနာကောင်းအနေနဲ့ပြသရမှာ ဖြစ်ပါတယ်။

ပူးတွဲစောင့်ကြည့်တဲ့နေရာမှာတိုင်းပြည်ရဲ့ အနေအထားနဲ့ ကိုယ့်အိမ်တွင်းပြဿနာ ကိုယ်တိုင်ရှင်းရမယ်ဆိုတဲ့ အခြေခံနဲ့ JMC စထူထောင်လာတာဖြစ်တဲ့အတွက် အိမ်တွင်းရေးပြဿနာကို ပြည်ပက နိုင်ငံခြားသားကို ခေါ်ယူခြင်းမရှိပဲ အရပ်သားကိုယ်စားလှယ်ကိုသာ ထည့်သွင်းထားပါတယ်။ ဒါမှလည်း အရပ်သားကိုယ်စားလှယ်ကအလယ်ကနေ ထိန်းညှိပေးမယ်ဆိုပြီးတော့သွားနိုင်ပါမယ်။ အခြေခံမှာထဲမှာ မထည့်ထားတဲ့အတွက် ပြင်ပကအခြားကို JMC ထဲမှာထည့်သွင်းမှာတော့ မဟုတ်ပါဘူး။

**မိုင်းရှင်းလင်းရေးအတွက် ဘာတွေဆောင်ရွက်ထား ပြီလဲ။ တပ်မတော်က အဆိုပြုတဲ့နေရာတွေမှာကော ဆောင်ရွက်နိုင်ပြီလား။**

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**

မိုင်းရှင်းလင်းရေးအတွက် အကောင်အထည်မဖော်နိုင်သေးပါဘူး။ မိုင်းရှင်းလင်းရေးနဲ့ပတ်သက်တဲ့ ဘတ်ဂျက်လည်း မရှိသေးပါဘူး။ ဘတ်ဂျက်ရှိလာရင် JMC ယန္တရားအတိုင်းဆောင်ရွက်မယ်ဆိုရင် ဒါကမဖြစ်မနေလုပ်ရမယ့်ကိစ္စပါ။ NCA မှာလည်း မိုင်းရှင်းလင်းရေးကို နှစ်ဖက်အဖွဲ့တွေ ညှိနှိုင်းရမယ်ဆိုတာ ပါပါတယ်။ မိုင်းရှင်းတဲ့အခါမှာ ပြည်သူလူထုအများဆုံးအသုံးပြုတဲ့ လမ်းတွေ၊ နေရာဒေသတွေ အရင်ဆုံးလုပ်ဆောင်ဖို့ ဒီကနေ့မှာ ညှိနှိုင်းထားပါတယ်။ ဒီအပေါ်မှာလည်းသက်ဆိုင်ရာ JMC-S အလိုက် စီမံချက်တွေ ရေးဆွဲပါမယ်။ ရေးဆွဲပြီးလို့ ရပြီဆိုတာနဲ့ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်မှာပါ။

**JMC မှာ အရပ်သားပါဝင်မှုဘယ်လောက်ရှိလဲ။**

**ဒေါက်တာရွှေခါးရဲ**

ပြည်ထောင်စုအဆင့် ၂၆ ယောက်မှာ ခြောက်ယောက်က အရပ်သား၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ၁၄ ယောက်မှာ လေးယောက်ပါတယ်။ ဒေသတွင်းအဆင့် Local မှာ နှစ်ယောက်ပါပါတယ်။ JMC က အသိအမှတ်ပြုထားတဲ့ Local စောင့်ကြည့်ရေးအဖွဲ့တွေကလည်း လိုရင်လိုသလို လုပ်နိုင်ပါတယ်။ အဲဒါအပြင် ပစ်ခတ်တိုက်ခိုက်မှုအတွက် အရပ်သားဘက်က အလွတ်စောင့်ကြည့်သူတွေရှိလာရင်လည်း လုပ်လို့ရတယ်။

**JMC ကို အောက်ခြေအဆင့်တွေ နားလည်အောင်နဲ့ နယ်မြေပိုင်းခြားမှုတွေအတွက် ဘယ်လိုတွေလုပ်မလဲ။**

**ဒေါက်တာရွှေခါးရဲ**

ဒီကိစ္စတွေကို ပြည်ထောင်စုအဆင့်ကတော့ အမြန်ဆုံးလုပ်စေချင်ပါတယ်။ ဒါပေမယ့် ဒါကသက်ဆိုင်ရာ နှစ်ဖက်တပ်ဖွဲ့တွေ ကြားထဲမှာမူတည်နေပါတယ်။ ကျွန်တော်တို့က ဒါကို ဘယ်အချိန်အတွင်းမှာ အကောင်အထည်ဖော်ပါလို့ သတ်မှတ်လို့မရဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ဆုံးဖြတ်မှုကိုလည်း ကျွန်တော်တို့ လေးစားပေးရပါမယ်။ JMC-S အဆင့်မှာတော့ စတင်ဆွေးနွေးနေပါပြီ။

**ကချင်နဲ့ရှမ်းမှာဖြစ်တဲ့ တိုက်ပွဲတွေကြောင့် NCA လက်မှတ်မထိုးထားတဲ့အဖွဲ့တွေနဲ့ အရင်ကထက် ယုံကြည်မှုပိုမိုလျော့သွားပါသလား။ JMC ကို ချိုးဖောက်ပါက ဘယ်လိုအရေးယူမလဲ။**

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**

တိုက်ပွဲတွေက ဒို့တာဝန်အရေးသုံးပါးကိုဦးတည်လာလို့ ဖြစ်သွားတာပါ။ NCA မထိုးထားသူတွေ ယုံကြည်မှုဘယ်လိုရှိတယ်မသိပေမယ့် တပ်မတော်က အမြဲတမ်းကြိုဆိုနေပါတယ်။ ဒို့တာဝန် အရေးသုံးပါးရဲ့ လိုအပ်ချက်အရ တိုက်ပွဲတွေဖြစ်နေခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒါကလုပ်ငန်းလမ်းညွှန် ToR မှာ ပါပါတယ်။ အောက်ခြေမှာ မတော်တဆထိတွေ့မှုရှိရင် ဘယ်သူကမှားလဲ၊ ဘာကြောင့်မှားလဲ စိစစ်ရမယ်။ မှားတယ်ဆိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ အရေးယူမှုနဲ့သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် အသေးအဖွဲ့အဆင့်၊ စိုးရိမ်ရတဲ့အဆင့်၊ အလွန်အမင်းစိုးရိမ်ရတဲ့အဆင့်ဆိုပြီး ToR မှာ လုပ်ဆောင်ထားပြီးဖြစ်တဲ့အတွက် အခက်အခဲမရှိကြောင်း ပြောလိုပါတယ်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**



(ဓာတ်ပုံ - Myanmar Fire Service Department)

# အမြန်လမ်းတွင် မန္တလာမင်းခရီးသည်တင်ယာဉ် တိမ်းမှောက်၊ ခုနစ်ဦးသေဆုံး ၃၇ ဦး ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် မန္တလာမင်းခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ခရီးသည် ခုနစ်ဦးသေဆုံးခဲ့ပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ သိရသည်။

နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးဝင်းငွေမောင်းနှင်လာသော မန္တလာမင်းခရီးသည်တင်ယာဉ်သည် ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီ ၁၀ မိနစ်ခန့်က ပဲခူးတိုင်းဒေသကြီး မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၉၁/၄)နှင့် (၉၁/၅)ကြားအရောက်တွင် ဘယ်ဘက်ရှေ့ဘီးပေါက်ကာ တံတားနှစ်ခုကြားရှိ အုတ်ခုံအားတိုက်မိပြီး ရိုးချောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူများအား မြို့ချောင်း တိုက်နယ်ဆေးရုံနှင့် နီးစပ်ရာဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့် မန္တလာမင်းယာဉ်ပေါ်တွင် ခရီးသည် ၄၅ ဦး တင်ဆောင်လာပြီး အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကာ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုတွင် ယာဉ်အတွင်း ပိတ်မိနေသူများအား မြို့ချောင်း၊ ဖြူးအမြန်လမ်းမကြီးရှိ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့ချောင်း၊ ဖြူးအမြန်လမ်းမကြီး မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

အားကစား



# ဆန့်ကျင်မှုများကြားထဲက ဝင်းဂါး

## ပီအက်စ်ဂျီကို ပြောင်းဖို့ ခြေလှမ်းပြင်နေပြီလို့ သတင်းများထွက်ပေါ်

*ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း အာဆင်နယ်အသင်း နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းနှင့်အတူ အာဆင်နယ်နည်းပြ ဝင်းဂါးကို ပရိသတ်များက တစ်ဖန် ဆန့်ကျင်မှုပြုခဲ့ပြီးနောက် ဝင်းဂါး ယခုနှစ်နွေတွင် ပီအက်စ်ဂျီကို ပြောင်းရွှေ့တော့မည်ဟူသော သတင်းများထွက်ပေါ်လာခဲ့သည်။ ဝင်းဂါးနှင့် ပီအက်စ်ဂျီဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီနှင့် ရင်းနှီးသော ဆက်ဆံရေးကြောင့် အာဆင်နယ်မှ ဝင်းဂါးထွက်ခွာဖြစ်လျှင် ပီအက်စ်ဂျီအသင်းက ခေါ်ယူတော့မည်ဟု ယူဆကြခြင်းဖြစ်သည်။*




ဝင်းဂါးသည် အယ်ခီလိုင်ဖီ ဦးဆောင်လည်ပတ်နေသည့် အယ်လ်ဂျာဇီးယားရုပ်သံလိုင်းတွင် ဘောလုံးအစီအစဉ်အကြံပေးအဖြစ် ဆောင်ရွက်နေသူဖြစ်သလို ကာတာလုပ်ငန်းစုက ပီအက်စ်ဂျီအသင်းကို ဝယ်ယူခဲ့သည့် ၂၀၁၁ ခုနှစ်တွင် နည်းပြ ဝင်းဂါးကိုခေါ်ယူရန် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် တစ်ကြိမ်၊ ပြီးခဲ့သည့် စက်တင်ဘာလ ပီအက်စ်ဂျီနှင့် အာဆင်နယ်တို့ ကစားခဲ့သည့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွင် တတိယအကြိမ်အဖြစ် ထပ်မံကမ်းလှမ်းခဲ့ပြီးဖြစ်သည်။ ယင်းကိစ္စရပ်ကို ဝင်းဂါးကိုယ်တိုင်က အတည်ပြုခဲ့ပြီး မည်သည့် ကမ်းလှမ်းမှုများ လက်ခံရရှိသည်ဖြစ်စေ အာဆင်နယ်အသင်းအပေါ် သူ၏သစ္စာရှိမှုအပေါ် ဆက်လက်ပြသမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

ဝင်းဂါးကို ရီးယဲလ်မက်ဒရစ်၊ မန်စီးတီးနှင့် အင်္ဂလန်လက်ရွေးစင်အသင်းတို့မှ ခေါ်ယူရန် ချိတ်ဆက်ခဲ့ဖူးပြီး အာဆင်နယ်တွင် ဝင်းဂါးဆက်ရှိနေခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဝင်းဂါး၏ စိတ်ဓာတ်ကို ခန့်မှန်းကြည့်နိုင်မည်ဖြစ်သော်လည်း ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့အကြား လက်ရှိ ချုပ်ဆိုထားသည့် စာချုပ်မှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် ပီအက်စ်ဂျီအသင်းသည် နည်းပြသစ် အမ်မရီလက်ထက် ပြင်သစ်ပထမတန်းလိဂ်ပြိုင်ပွဲ၌ နိုက်စ်အသင်းနှင့် ရမှတ်ခုနစ်မှတ်အထိကွာဟနေပြီး အမှတ်ပေးဇယား တတိယနေရာအထိ ရောက်ရှိနေသလို ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင်လည်း ဘာစီလိုနာနှင့် တွေ့ဆုံနေသဖြင့် အဓိကဖလားရရှိရေး အခြေအနေမလှဖြစ်နေခြင်းဖြစ်သည်။ အထက်ပါအကြောင်းနှစ်ချက်ကြောင့် ဝင်းဂါး လာမည့်နွေတွင် ပီအက်စ်ဂျီအသင်းကို ပြောင်းလဲကိုင်တွယ်တော့မည်ဟူသော သတင်းများထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် ဝင်းဂါး၏ အာဆင်နယ်နည်းပြသက်တမ်း နှစ် ၂၀ အတွင်း ပရိသတ်ဆန့်ကျင်မှုနှင့် မကြာခဏရင်ဆိုင်ခဲ့ရပြီးဖြစ်ရာ အဆိုပါဖြစ်စဉ်များမှာ ဝင်းဂါးနှင့် ယဉ်ပါးပြီးဖြစ်သည်။

ထို့ပြင် အာဆင်နယ်အသင်း ရလဒ်ပိုင်းမည်သို့ရှိနေသည်ဖြစ်စေ ဝင်းဂါးအနေဖြင့် အာဆင်နယ်မှ ထုတ်ပယ်မခံရမည်ကို ၎င်းကိုယ်တိုင်ကလည်း အသေအချာသိရှိထားပြီးဖြစ်သောကြောင့် အာဆင်နယ်တွင် ရရှိနေသည့် သက်သောင့်သက်သာ အနေအထားမျိုး ပီအက်စ်ဂျီတွင် ရရှိမည်မဟုတ်ပေ။

ပြီးခဲ့သည့်ဘောလုံးရာသီတွင် နည်းပြလော့ရင့်ဘလန့်က ပီအက်စ်ဂျီအသင်း ပြင်သစ်ပထမတန်းဖလားကို ရမှတ် ၃၁ မှတ်ဖြတ်၍ ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ဖလား ကွာတားဖိုင်နယ်တွင် မန်စီးတီးကို အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသဖြင့် ထုတ်ပယ်ခံရဖူးသော အစဉ်အလာလည်းရှိရာ အသက်(၆၇)နှစ်အရွယ် ဝင်းဂါးအနေဖြင့် ဖိအားများသည့် ပီအက်စ်ဂျီနည်းပြတာဝန်ကို ယူလိမ့်မည်မဟုတ်ကြောင်း ခန့်မှန်းမှုများလည်း ရှိနေသည်။

# ဂွါဒီယိုလာရဲ့ နည်းစနစ်ကို ပြန်လည်သုံးသပ်ရန် ဒီဘရိုင်း တိုက်တွန်းခဲ့

မန်စီးတီးတောင်ပံတိုက်စစ်မှူး ဒီဘရိုင်းက ဂွါဒီယိုလာရဲ့ ဘောလုံးနည်းဗျူဟာအပေါ် သဘောပေါက်နားလည်သော်လည်း ပရီမီယာလိဂ်နှင့်အံဝင်သည့် နည်းစနစ်ကို ကျင့်သုံးခြင်းကသာ အောင်မြင်မှုရရှိမည်ဟုဆိုခဲ့သည့်အတွက် ယင်းစကားရပ်ကြောင့် ဂွါဒီယိုလာနှင့် ဒီဘရိုင်းအကြား ပဋိပက္ခကို ဆောင်ကြဉ်းလာနိုင်လိမ့်မည်ဟူသော ယူဆမှုများလည်း ထွက်လာခဲ့သည်။

ဒီဘရိုင်းက "တစ်ခါတလေတော့ ပွဲတစ်ပွဲကစားတာ ကြည့်ကောင်းချင်မှ ကြည့်ကောင်းပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကျွန်တော်တို့ ကစားနေကြပုံစံမဟုတ်လို့ပဲ။ ဒါပေမယ့် ကျွန်တော်တို့မှာ ရွေးချယ်စရာမရှိပါဘူး"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးသည် ဝက်ဖို့ဒ်နှင့် အာဆင်နယ်တို့ကို နှစ်ပွဲဆက်တိုက်အနိုင်ကစားနိုင်ခဲ့သော်လည်း ဦးဆောင်သူ ချယ်လ်ဆီးနှင့် ခုနစ်မှတ်အကွာ အမှတ်ပေးဇယား တတိယနေရာအထိရောက်ရှိနေခြင်းကြောင့် ဒီဘရိုင်းက ယခုကဲ့သို့ ဝေဖန်ခဲ့ခြင်းဖြစ်သည်။ ဘောလုံးကိုင်ကစားပြီး နေရာလွတ်များ ရှာဖွေကာ



ပြိုင်ဘက်ကို ပြိုလဲအောင် စွမ်းဆောင်ရမည်ဟူသော ဂွါဒီယိုလာ၏ ဘောလုံးအတွေးအခေါ်ကို ယနေ့ခေတ်တွင် ဘယ်အသင်းတွေ ဆက်လက်အသုံးပြုသေးသလဲဆိုသည်ကို ကိုယ့်ကိုယ်ကိုယ်မေးခွန်းထုတ်သင့်ကြောင့်လည်း ဒီဘရိုင်းက မှတ်ချက်ချခဲ့သည်။

ဂွါဒီယိုလာက ပွဲမကစားမီ နှစ်နာရီလောက်အလိုကတည်းက ဘယ်ကစားသမား ဘယ်နေရာတွင် ဘယ်လိုပုံစံဖြင့် လှုပ်ရှားရမည်ဆိုသည်ကို အသေးစိတ်ညွှန်ကြားလေ့ရှိသောကြောင့် ကစားသမားတိုင်း မိမိကစားမည့်နေရာကို ကောင်းစွာ ကစားနိုင်မည်ကို သံသယမရှိသော်လည်း တစ်ခါတစ်ရံ ရလဒ်ကောင်း ဘာကြောင့် မထွက်ပေါ်တတ်သည်ဆိုသည်ကိုလည်း ပြန်လည်သုံးသပ်သင့်သည်ဟု ဒီဘရိုင်းက ယုံကြည်သည်။

မန်စီးတီးအသင်းသည် ချယ်လ်ဆီး၊ လက်စတာအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဂွါဒီယိုလာ၏ နည်းစနစ်ပိုင်းအပေါ် မီဒီယာများနှင့် အားကစားကျွမ်းကျင်သူများက ဆက်တိုက်ဝေဖန်ခဲ့ပြီးနောက် ယခုအခါ မန်စီးတီး အဓိကကစားသမားတစ်ဦးက လူသိရှင်ကြား ဆက်လက်ဝေဖန်ခဲ့ခြင်းဖြစ်သည်။

**မေလဲ့သင်း ရေးသားသည်**



# မန်ယူအသင်းကို ကာလကြာရှည် ကိုင်တွယ်ချင်ကြောင်း မော်ရင်ဟိုဖွင့်ဟ

မန်ယူအသင်းနည်းပြမော်ရင်ဟိုသည် အိုးထရက်ဖို့ဒ်ကို ကိုင်တွယ်ရသည်မှာ နှစ်သက်မှုရှိနေခြင်းကြောင့် ၎င်း၏ လက်ရှိချုပ်ဆိုထားသည့် သုံးနှစ်စာချုပ်ထက်ပို၍ ကာလကြာရှည် ကိုင်တွယ်ချင်ကြောင်းနှင့် မန်ယူအသင်းတွင် ဆက်ရှိနေချင်ကြောင်း ပြောကြားခဲ့သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြ မော်ရင်ဟိုသည် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ပွဲစဉ်(၁၇)အပြီးတွင် အမှတ်ပေးဇယား၏ အဆင့်(၆)နေရာတွင် ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် မန်ယူအသင်းအား ၂၆ နှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြဖာဂူဆန်အနားယူ သွားခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှစတင်ကာ ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၄၈၀ အထိ သုံးစွဲခဲ့သည်။ မန်ယူအသင်းသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျူအန်မာတာကို ပေါင် ၃၇ သန်းဖြင့် ခေါ်ယူခဲ့ပြီး အသင်း၏ကစားသမားခေါ်ယူမှုစံချိန်ကို ချိုးဖောက်ခဲ့ပြီး အဆိုပါနှစ်မှာပင် ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား ဒီမာရီယာကို ပေါင် ၅၉ ဒသမ ၇ သန်းဖြင့် ထပ်မံခေါ်ယူခဲ့သည်။

နည်းပြ မော်ရင်ဟိုရောက်လာပြီးနောက်ပိုင်း ယခုနှစ်ဩဂုတ်လတွင်လည်း ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့သည်။ သို့ရာတွင် မန်ယူအသင်း၏ ရလဒ်ပိုင်းသည် ထင်တိုင်းမပေါက်ခဲ့ဘဲ လက်ရှိတွင်လည်း အမှတ်ပေးဇယား၏ အဆင့်(၆)နေရာတွင်သာ ရပ်တည်လျက်ရှိသည်။

သို့ရာတွင် မန်ယူအသင်းသည် ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာပြီဖြစ်သောကြောင့် နည်းပြ မော်ရင်အနေဖြင့်လည်း မန်ယူအသင်း၌ ပျော်ရွှင်မှုရရှိနေပြီး မန်ယူအသင်း၌ ယခုချုပ်ဆိုထားသည့်စာချုပ်ထက် ပို၍နေချင်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



# ပရီမီယာလိဂ်သို့ ပြန်လာရန် အင်္ဂလန်ကလပ်အသင်းများနှင့် ဘာလော့တယ်လီ ဆွေးနွေးမှုများပြုလုပ်လျက်ရှိ

မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့၏ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ ဘာလော့တယ်လီသည် ပရီမီယာလိဂ်တွင် ပြန်လည်ကစားခွင့်ရရှိရန်အတွက် အင်္ဂလန်ကလပ်အသင်းများနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် လက်ရှိတွင် ပြင်သစ်ပထမတန်းကလပ် နိုက်စ်အသင်းတွင် ကစားလျက်ရှိပြီး ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့တွင် ဘောလုံးရာသီ သုံးရာသီကြာ ပါဝင်ကစားပေးခဲ့ရာတွင် မန်စီးတီးအသင်းတွင် ပရီမီယာလိဂ်သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

"ဘာလော့တယ်လီဟာ ပရီမီယာလိဂ်ကို ပြန်လည်ခြေချဖို့ရှိပါတယ်။ အဲဒါကြောင့် အင်္ဂလန်ကလပ်အသင်းတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်နေပါတယ်။ ဘယ်အသင်းကို ပြောင်းရွှေ့ကစားမယ်ဆိုတာကတော့ ပြောဖို့အချိန်အားဖြင့် စောနေပါသေးတယ်"ဟု ဘာလော့တယ်လီ၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

အီတလီကြယ်ပွင့် ဘာလော့တယ်လီအား လီဗာပူးအသင်းမှ အေစီမီလန်အသင်းသို့ အငှားချထားခဲ့ပြီး လီဗာပူးအသင်းသို့ နည်းပြ ဂျာဂန်ကလော့ရောက်ရှိလာခဲ့ချိန်တွင် လီဗာပူးအသင်းမှ ထွက်ခွာခွင့်ပြုခဲ့ရာ ဩဂုတ်လအတွင်းက ပြင်သစ်ပထမတန်းကလပ် နိုက်စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဘာလော့တယ်လီသည် နိုက်စ်အသင်းနှင့်အတူ လိဂ်ပွဲကိုးပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်းသည်လည်း ၇၅ ရာခိုင်နှုန်းအထိ ရှိနေခဲ့သူဖြစ်သည်။ သို့ရာတွင် ဘော်ဒိုးအသင်းနှင့် နိုက်စ်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် တိုက်ရိုက်အနီကတ်ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ကျခံရရန်ရှိနေကြောင်း သိရသည်။

**ငွေကြယ် ရေးသားသည်**

## စတုတ္ထသုံးလပတ် TB/HIV လုပ်ငန်းစီမံချက် ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**
နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ပြည်သူများ TB/HIV ရောဂါဖြစ်ပွားမှုနှုန်းလျော့နည်းပပျောက်စေရန် ၂၀၁၆ ခုနှစ် စတုတ္ထသုံးလပတ် TB/HIV လုပ်ငန်းစီမံချက်နှင့် ပတ်သက်သည့် ကော်မတီအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင်(၅၀)ဆံ့ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ (မိခင်နှင့်ကလေး၊ ကျောင်းကျန်းမာရေး၊ အာဟာရ) ဒေါက်တာမေသက်နွယ်က TB/HIV ရောဂါကြိုတင်ကာကွယ်ခြင်း၊ ကုသမှုခံယူခြင်းနှင့် TB ရောဂါလူနာတိုင်း HIV စစ်ဆေးခြင်းများဆောင်ရွက်ရန် အသေးစိတ်ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ် သူနာပြုအဆင့်(၁) ဒေါ်နန်းသူဇာမြိုင်က ကော်မတီဖွဲ့စည်းပုံနှင့် TB/HIV ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းပပျောက်စေရန် လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်TB/HIV ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး TB ရောဂါလူနာသစ်ရှာဖွေခြင်းနှင့် TB/ HIV လူနာများအား ဆေးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စားသုံးသူအခွင့်အရေးချိုးဖောက်ခံရလျှင် FDA ရုံးများသို့ တိုင်ကြားနိုင်

**မန္တလေး ဒီဇင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ တက်ရောက်ခဲ့ပြီး စားသုံးသူ၊ ထုတ်လုပ်ရောင်းချသူများအား အသိပညာပေးဆောင်ရွက်ခြင်းများ၊ စားသုံးသူဥပဒေများ ပြည်သူများသို့ အသိပညာပေးခြင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

"တိုင်းဒေသကြီးအတွင်း စားသုံးသူ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ စတာတွေက ထိတွေ့ဆက်ဆံနေကြသူတွေပါ။ နိုင်ငံကိုလေ့လာကြည့်မယ်ဆိုရင် စားသုံးသူတွေဘက်ကရရှိမယ့် အခွင့်အရေးနစ်နာချက်တွေကို စားသုံးသူတွေကိုယ်တိုင်ကာကွယ်ရမှန်း၊ တောင်းဆိုရမှန်းမသိတဲ့ အားနည်းချက်တွေ တွေ့ရပါတယ်။ အဲ့ဒီ အားနည်းချက်တွေကို ဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့ လုပ်ရပါမယ်" ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။

စားသုံးသူတွေအနေဖြင့် အခွင့်အရေးချိုးဖောက်ခံရလျှင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ FDA ရုံးများတွင် တိုင်ကြားနိုင်သလို online မှလည်း တိုင်ကြားနိုင်ရန် လုပ်ဆောင်ထားပြီး အခွင့်အရေးချိုးဖောက်ခံရခြင်းမှာ အရည်အသွေးမပြည့်မီသောကုန်ပစ္စည်းများကြောင့်ဖြစ်ကြောင်း စားသုံးသူ အငြင်းပွားမှု ဖြေရှင်းပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်က ပြောသည်။

ယင်းအစည်းဝေးတွင် သက်ဆိုင်ရာ အဖွဲ့များမှ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ လိုအပ်ချက်များ ဆက်လက်လုပ်ဆောင်ရန် အစီအစဉ်များ တင်ပြဆွေးနွေးခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှပြီးခဲ့သည့်နှစ်နှင့် ယခုနှစ်ထိ ပြုလုပ်ခဲ့သော အစည်းဝေးများ၊ ပညာပေးလုပ်ငန်းများနှင့် စစ်ဆေးခြင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် မူဝါဒရေးဆွဲ၍ ဆက်လက်စီမံဆောင်ရွက်သွားမည်

**စစ်ကိုင်း ဒီဇင်ဘာ ၂၂**
ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကိစ္စများနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် မူဝါဒရေးဆွဲ၍ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

"ကျေးရွာမီးလင်းရေးအတွက် တည်ဆောက်ရေးလုပ်ငန်းတွေကို ကျေးရွာလူထုရဲ့ ကုန်ကျစရိတ်နဲ့ တည်ဆောက်ပြီး ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကိုလည်း ကျေးရွာကပဲဆောင်ရွက်နေတာပါ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းအင်အား အလုံအလောက်မရှိတဲ့အတွက် ကျေးရွာမီးလင်းရေးက ဆောင်ရွက်ထားတဲ့လုပ်ငန်းတွေကို လောလောဆယ် လွှဲပြောင်းလက်ခံနိုင်တာ မရှိသေးဘူးလို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်မှ ရှင်းပြထားပါတယ်။

"ကော်မတီဖွဲ့စည်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားတာဖြစ်ပြီး ထည့်ဝင်ငွေတွေနဲ့ ပတ်သက်ပြီး မြို့နယ်လျှပ်စစ်ရုံးအနေနဲ့ ထည့်ဝင်ပေးသွင်းတာမရှိတဲ့သူတွေကို ခွင့်ပြုတပ်ဆင်ပေးမိရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တဲ့အတွက် ကော်မတီရဲ့ထောက်ခံတင်ပြချက်ကို ထောက်ခံတပ်ဆင်ပေးတာဖြစ်ပါတယ်" ဟု ဦးသန်းညွန့်ဝင်းက ပြောပြသည်။

လက်ရှိကာလတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့သော ကျေးရွာများတွင် ကျေးရွာပိုင် ထရန်စဖော်မာ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရန်နှင့် ထရန်စဖော်မာ ထိန်းစီတီမီတာခြားနားယူနစ်အား တာဝန်ယူကောက်ခံပေးသွင်းရန်တို့အတွက် တာဝန်ခံဆောင်ရွက်ရမည့် မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာမီးလင်းရေးကော်မတီ၏ ကုန်ကျစရိတ်များကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးထားသည့် အဖွဲ့ဝင်ငါးဦးပါဝင်သည့် အဖွဲ့မှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကျေးရွာမီးလင်းရေးကော်မတီမှ မီးလင်းရေးကိစ္စများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် ဒေသအာဏာပိုင်များဖြင့် ကြီးမှူးဖွဲ့စည်းပေးထားခြင်းဖြစ်ပြီး ကျေးရွာမီးလင်းရေးကော်မတီ ဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်းတို့တွင် ကျေးရွာနေဒေသခံများ၏ လိုလားချက်အရအများဆန္ဒဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးသန်းညွန့်ဝင်းက ရှင်းလင်းပြောပြသည်။

ကျေးရွာမီးလင်းရေး ဆောင်ရွက်ရာတွင် ကျေးရွာများအနေဖြင့် ၎င်းတို့ကြိုက်နှစ်သက်ရာ တည်ဆောက်ရေး ဆောင်ရွက်သောအဖွဲ့များဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ပြီး ဝန်ကြီးဌာနမှ "RL" အရခွင့်ပြုမိန့်တင်ပြတောင်းခံပေးခြင်း၊ ထရန်စဖော်မာ မိန်းမီတာများ တပ်ဆင်ပေးခြင်း၊ အိမ်သုံးမီတာလျှောက်ထားလာမှုများအား ခွင့်ပြုတပ်ဆင်ပေးခြင်းနှင့် နည်းပညာပိုင်းတို့ကို ကြီးကြပ်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ဟားခါး ဒီဇင်ဘာ ၂၂**
မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော လူကုန်ကူးမှုနှင့်အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ဟားခါးမြို့ အမှတ်(၁) အထက်တန်းကျောင်း ဗိုလ်တိုက်ခွန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းမော်က အဖွင့်အမှာစကားပြောကြားပြီး ဟားခါးခရိုင်တရားသူကြီး ဒေါ်မန်ဟောက်ညောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေးနှင့်စပ်လျဉ်း၍ ဥပဒေရေးရာ သိကောင်းစရာများကိုလည်းကောင်း၊ ဟားခါးမြို့ ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ဒုရဲအုပ် ထန်းထိုင်နီးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ သိကောင်းစရာအကြောင်းအရာများကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ယင်းနောက် လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းမော်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းမော်နှင့် အဖွဲ့သည် ဟားခါးမြို့ရှိ သုခိတာရုံ သီလရှင်စာသင်တိုက်နှင့် ကာဆင်ဘုရားကျောင်း၊ လာခူးမိဘမဲ့ကျောင်းများသို့ လှူဖွယ်ဝတ္ထုများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ဟားခါးခရိုင် ပြန်/ဆက်)**

# စိုက်ပျိုးရေးသုံး ဆေးပစ္စည်းအရောင်းဆိုင်များအား စစ်ဆေးဆောင်ရွက်

**ကလေး ဒီဇင်ဘာ ၂၂**
ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ကလေးမြို့ပေါ်တွင် ဆိုင်ဖွင့် ရောင်းဝယ်ဖြန့်ဖြူးလျက်ရှိသော စိုက်ပျိုးရေးသုံးဆေးပစ္စည်း အရောင်းဆိုင်များသို့ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ပူးပေါင်းစစ်ဆေးဆွေးနွေးအကြံပေးခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်ဝင်းက စိုက်ပျိုးရေးဆေး၊ ဓာတ်မြေဩဇာများနှင့် ပတ်သက်၍ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ပစ္စည်းများသာ ရောင်းချရေး၊ သတ်မှတ်ထားသော အမျိုးအစားများနှင့် ခွင့်ပြုထားသော အမျိုးအစားများသာ ရောင်းချရေး၊ မြန်မာစာအညွှန်းပါသော ပိုးသတ်ဆေးနှင့် ရောဂါသတ်ဆေးများသာ ရောင်းချရေး၊ အန္တရာယ်ကင်းစွာ သုံးစွဲရေးအတွက် လက်အိတ်၊ ပါးစပ်၊ နှာခေါင်းကာ (Mask)၊ ရှူးဖိနပ်နှင့် ဝတ်စုံများဝတ်ဆင်ပြီး ယိုဖိတ်သည့်ဆေးဖျန်းပုံးများမသုံးစွဲရေး၊ မြေဩဇာနှင့် ပိုးသတ်ဆေးများအား နိုင်ငံတော်မှ သတ်မှတ်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ တင်သွင်းခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ထားရှိရေး၊ အရောင်းဆိုင်များအနေဖြင့် လိုင်စင်ပြုလုပ်ပြီး သုံးစွဲသူနှင့်ဝယ်ယူသူများအား ပညာပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများကို မဖြစ်မနေတက်ရေးတို့ကို လုပ်ဆောင်ရန် လုပ်ငန်းရှင်များအား အကြံပေးဆွေးနွေးခဲ့သည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက ပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ ဓာတ်မြေဩဇာများကို စားသောက်ကုန်များနှင့် ပေ ၅၀ အကွာတွင်ရောင်းချရန်၊ သိုလှောင်သည့် စနစ်များကိုလည်း စနစ်တကျသိုလှောင်ထားရှိရောင်းချရန်၊ ထုပ်ပိုးပစ္စည်းများကို ရောနှောမထားဘဲ သီးခြားခွဲခြား၍ ရောင်းချရန်၊ ပိုးသတ်ဆေးများကို လူနေအိမ်နှင့်တွဲပြီး ရောင်းချနေသည်ကိုတွေ့ရှိရ၍ သီးခြားဖွင့်လှစ်ပြီးရောင်းချရန် လုပ်ငန်းရှင်များအား ဆွေးနွေးအကြံပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ပညာပေးဟောပြော

**ကျောက်ဆည် ဒီဇင်ဘာ ၂၂**
ကျောက်ဆည်မြို့ လျှပ်စစ်ကော်ပိုရေးရှင်းသည် ပြည်သူများ လျှပ်စစ်သုံးစွဲရာတွင် အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်မဖြစ်စေရေးအတွက် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပညာပေးဟောပြောခြင်းများ၊ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကုန်းကြီးကျေးရွာအုပ်စု စင်ကွန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း အောက်ထပ်၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး လျှပ်စစ်အန္တရာယ် ကင်းဝေစေရေးအတွက် လျှပ်စစ်သုံးစွဲသည့် လုပ်ငန်းအလိုက် ရှင်းလင်းပြောကြားဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ကျိုတိုင်ကုန်း–ရွာပုလဲကြီး–ကန်သစ်ကုန်း ကျေးရွာချင်း ဆက်လမ်းပေါ်ရှိကွန်ကရစ်တံတားတည်ဆောက်ပြီးစီးပါက ဒေသခံများသွားလာရေးအဆင်ပြေတော့မည်

**သာစည် ဒီဇင်ဘာ ၂၂**

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခိုင်ခံ့ဖြူစင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် သာစည်မြို့နယ်အတွင်းရှိ ကန်သစ်ကုန်း- ရွာပုလဲကြီး- ကန်သစ်ကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ဒေသခံများသွားလာရေး အဆင်ပြေတော့မည်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေအခက်အခဲမရှိစေရေး၊ သွားလာရ လွယ်ကူချောမွေ့စေရေးတို့အတွက် လမ်းခင်းခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအချင်းချင်း သွားလာရေး လွယ်ကူစေရန်အတွက် ခိုင်ခံ့ဖြူစင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ ကွန်ကရစ်တံတား တစ်စင်းနှင့် Box Culvert တစ်စင်းတည်ဆောက်လျက်ရှိရာ ၎င်းတံတားနှင့် Box Culvert တည်ဆောက်နေမှုအား ဒီဇင်ဘာ ၂၀ ရက်က မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်မင်းလတ်၊ သာစည်မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်(၅) နှင့် အမှတ်(၆)ကြား လက်တံမြောင်းကြားတွင် အရှည် ၁၄ ပေ၊ အကျယ် ၁၄ ပေ ရှိ ကွန်ကရစ်တံတား တစ်စင်းဆောက်လုပ်နေမှုနှင့် သာစည်-ညောင်ရမ်းလမ်းနှင့် ဆက်သွယ်သော သနပ်ကန်ကျေးရွာ သွားလမ်းအား မြေသားလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းအရည်အသွေးများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

❒

## မော်ဟန်ချောင်းကူးတံတား ရေရှည်တည်တံ့နိုင်ရေး RC မြေထိန်းနံရံတည်ဆောက်



**မိုးညှင်း ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် ဒီဇင်ဘာ ၂၀ ရက်က မော်ဟန်ချောင်းကူးတံတား ရေရှည်ခိုင်မြဲစေနိုင်ရန်အတွက် RC မြေထိန်းနံရံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မော်ဟန်ချောင်းကူးတံတားသည် အလျားပေ ၁၈၀၊ အကျယ် ၁၈ ပေရှိသော RC ကွန်ကရစ်တံတားဖြစ်ပြီး လေးတန်ချောင်းကိုဖြတ်သန်းကာ မော်ဟန်ကျေးရွာနှင့် ရွှေဘို-မြစ်ကြီးနားသွား ပြည်ထောင်စုလမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ထားသော အရေးပါသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ နန့်မချီကျောက်စိမ်းမော်ဒေသ ဆင်ခေါင်းတောင်ခြေမှ မြစ်ဖျားခံကာ တောတောင်ချိုင့်ဝှမ်းများမှ စီးဆင်းလာသဖြင့် မိုးတွင်းကာလ ရေကြီးရေလျှံချိန်များတွင် တံတားရေရှည်တည်တံ့နိုင်ရန်အတွက် RC ကွန်ကရစ်မြေထိမ်းနံရံကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ အလျား ပေ ၇၀၊ အမြင့် ၁၃ ပေ၊ ထုထည်သုံးပေရှိသော RC ကွန်ကရစ်မြေထိန်းနံရံကို ပြည်သူ့လွှတ်တော်ရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့်မတည်ကာ ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ချောင်း၏အရှေ့ဘက်ခြမ်း ကမ်းကပ်ခုံမြေထိန်းနံရံကို မိုးညှင်းမြို့နယ်စည်ပင်သာယာမှ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၅၈)**

## သာကေတစက်မှုဇုန်တွင် အမှိုက်စီမံခန့်ခွဲမှု ဆွေးနွေးပွဲကျင်းပ

**သာကေတ ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန တောင်ပိုင်းခရိုင်နှင့် သာကေတမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတို့ပူးပေါင်းကာ စက်မှုဇုန်အတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ၂၀၁၇ ဇန်နဝါရီ ၁ ရက်မှစတင်ကာ စက်မှုဇုန်အတွင်း စက်ရုံများမှထွက်ရှိသည့် အမှိုက်များကို အမှိုက်အစို၊ အမှိုက်အခြောက်ခွဲကာ ချင်ခွက်ပုံသေပုံးစနစ်ဖြင့် တန်ဖိုးသင့်တွက်ချက်ပြီး အမှိုက်သိမ်းဆည်းဆောင်ရွက်မည့် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက သာကေတစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ ကျင်းပသည်။



အစည်းအဝေးတွင် ခရိုင်မှူး(လက်ထောက်ဌာနမှူး) ဦးရန်ငြိမ်းချမ်းက အမှာစကားပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိန်က "စက်မှုဇုန်တစ်ခုလုံး အကျယ်အဝန်းကဧက ၂၀၀ ကျော်ရှိပြီး လုပ်ငန်းရှင်ပေါင်း ၁၉၀ ကျော်ရှိပါတယ်။ စက်မှုဇုန်ဆိုတာ ရပ်ကွက်ထဲလိုမဟုတ်ပါဘူး။ အမှိုက်ထွက်နှုန်းများမှာပါ။ ဒါကြောင့် အခုထက်စနစ်တကျဖြစ်အောင် အမှိုက်တွေကို ပုံးတွေနဲ့သိမ်းဆည်းဖို့ စီမံဆောင်ရွက်တာပါဟု" ပြောသည်။

ယင်းနောက် အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက "အမှိုက်စွန့်ပစ်ကြတဲ့အခါ အမှိုက်အနည်းအများအလိုက် ကွာခြားမှုတွေရှိမှာပါ။ အမှိုက်သိမ်းဆည်းပေးမှု အနေနဲ့ ဝန်ဆောင်စရိတ်လည်း ကွာခြားမှုရှိမှာပါ။ အမှိုက်အစို၊ အမှိုက်အခြောက်ခွဲ၍ အမှိုက်ပုံးအလိုက် ဝန်ဆောင်ခပေးရမှာပါ။ ၂၄၀ လီတာပုံးကို အမှိုက် အစိုပုံးသတ်မှတ်ပြီး ၆၆၀ လီတာပုံးအကြီးကို အမှိုက် အခြောက်ထည့်ရန်အတွက် အသုံးပြုသွားရမှာဖြစ်ပါတယ်။ အမှိုက်တွေကို နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ သိမ်းဆည်းပေးသွားမှာဖြစ်ပြီး ၆၆၀ လီတာ အမှိုက်ပုံးတစ်ပုံးစာ သယ်ယူစွန့်ပစ်နှုန်းက ၂၅၀၀ကျပ်၊ ၂၄၀ လီတာ တစ်ပုံးစွန့်ပစ်ခကတော့ ၁၀၀၀ ကျပ် ကျသင့်မှာဖြစ်ပါတယ်" ဟုရှင်းပြသည်။

ယင်းနောက် မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးကျော်မင်းထွန်းက တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး သာကေတစက်မှုဇုန်တွင် အမှိုက်သိမ်းဆည်းမှုကို စနစ်တကျရှိစေရေးအတွက် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၉၇)**

## သောက်သုံးရေဖူလုံရေး မြေသားရေကန်သစ်တူးဖော်

**ခရမ်း ဒီဇင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ၌ သောက်သုံးရေအခက်အခဲရှိသည့်ကျေးရွာများတွင် ရေအတွက် အခက်အခဲမရှိစေရေး မြေသားရေကန်သစ်တူးဖော်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ခရမ်းမြို့နယ် စခန်းကြီးကျေးရွာတွင် မြေသားရေကန်သစ်တူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစခန်းကြီးကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ကျေးရွာဖြစ်ပြီး နွေရာသီတွင် ကျေးလက်နေပြည်သူများမှာ သောက်သုံးရေပြတ်လပ်မှုကြောင့် နှစ်စဉ်အခက်အခဲကြုံတွေ့နေရသဖြင့် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ၈ ဒသမ ၅ သန်းဖြင့် ပေ ၁၀ × ပေ ၁၀၀× ခြောက်ပေရှိ မြေသားရေကန်သစ်တူးဖော်ခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ယူ၍ စက်ယန္တရားများဖြင့် တူးဖော်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်က မြို့နယ်ကျေးလက်ဦးစီးအရာရှိ ဦးစတင်မျိုးလွင်နှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ် ကွင်းဆင်း၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းများပြည့်မီရေးတို့ကိုမှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စခန်းကြီးကျေးရွာတွင် မြေသားရေကန်သစ် တူးဖော်ပေးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၃၆၂ အိမ်ထောင်စုမှ လူဦးရေ ၁၇၀၉ ဦးတို့မှာ သောက်သုံးရေအတွက် ပူစရာမလိုတော့ကြောင်း၊ အနီးအနားများမှပင် လာရောက်၍ ခပ်ယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ကျေးရွာသူ၊ ရွာသားများ၏ ရင်တွင်းပျော်ရွှင်ဖွယ်စကားများကို ကြားသိခဲ့ရသည်။ **ကိုမင်း(ခရမ်း)**



## ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် ထိခိုက်ပျက်စီးသူများအား လျော်ကြေးငွေပေးအပ်

**ကျောင်းကုန်း ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ထွေ/အုပ်ရုံးဝင်းအတွင်းရှိ အေးချမ်းသာယာခန်းမ၌ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် ကြိုးဆွဲစဉ်ခုတ်လှဲသည့် စပါး၊ သီးနှံစိုက်ခင်း၊ ဥယျာဉ်ခြံမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ စီမံကိန်းမန်နေဂျာရုံး (ရုံး-၁ ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဝင်းက အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် ရေကြည်မြို့နယ် ကျောင်းကုန်းမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့ကို ဖြတ်သန်းသွားသော်လည်း ယခုကျောင်းကုန်းမြို့တွင် ပထမဦးဆုံးပေးအပ်ခြင်းဖြစ်ကြောင်း၊ စပါး၊ သီးနှံစိုက်ခင်း ထိခိုက်ပျက်စီးသူ ၅၆ ဦးနှင့် ဥယျာဉ်ခြံမြေ ထိခိုက်ပျက်စီးသူ ၄၉ ဦး စုစုပေါင်း ၁၀၅ ဦးအား လျော်ကြေးငွေ ၅၈၇ သိန်းကျော် ပေးအပ်မှာဖြစ်သော်လည်း ပထမအရစ်အဖြစ် ၁၉၈ သိန်းကို လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဆိပ်ဖူးနီကျေးရွာအုပ်စု၊ ကံကလေးကျေးရွာအုပ်စု၊ လက်ပန်ချောင်ကျေးရွာအုပ်စု၊ ဂုန်မင်းကျေးရွာအုပ်စုနှင့် ရေတာကြီးကျေးရွာအုပ်စုတို့မှ တောင်သူများ လာရောက်ထုတ်ယူခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ပရီးမီးယားလိဂ်ရင်ခုန်သံ-၁၈

# ဆောက်သမ်တန်နဲ့ စပါးအသင်း စီးချင်းပွဲမှာ ဘယ်အသင်းအသာရမလဲ

ပရီးမီးယားလိဂ်ပွဲစဉ်-၁၈ကို လာမယ့်ဒီဇင်ဘာလ ၂၆၊ ၂၇၊ ၂၉ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာအသင်းကြီးအချင်းချင်းဆုံတွေ့မှုမရှိပေမယ့်လည်း မိုယက်စ်အနေနဲ့ အသင်းဟောင်းမန်ယူကိုရင်ဆိုင်ဖို့ အိုးလ်ထရက်ဖို့ဒ်ကိုပြန်လည်ရောက်ရှိလာမှာဖြစ်တာကြောင့် မန်ယူရလဒ်ကောင်းပါ့မလားဆိုတာစောင့်ကြည့်ရဖို့ရှိပါတယ်။ ဒါ့အပြင်ခြေစွမ်းကွာဟမှုသိပ်မရှိတဲ့ ဆောက်သမ်တန်နဲ့ စပါးအသင်း တို့ရဲ့ ထိပ်တိုက်ဆုံမှုလည်းရှိနေလို့ ဘာတွေဆက်ဖြစ်လာမလဲ စောင့်ကြည့်ရအောင်ပါ။

**ရှိုင်း မင်း မင်း**

### ထိပ်တန်းဂိုးသွင်းရှင်များ

| | |
|---|---|
| ကော်စတာ( ချယ်လ်ဆီး) | -၁၃ဂိုး |
| ဆန်းချက်ဇ်(အာဆင်နယ်) | -၁၂ဂိုး |
| အီဗရာဟီမိုဗစ်ချ်(မန်ယူ) | -၁၁ဂိုး |
| အဂူရို( မန်စီးတီး) | ၁၀ဂိုး |
| လူကာကူ( အဲဗာတန်) | -၉ဂိုး |



### ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၁၇ | ၁၄ | ၁ | ၂ | ၃၅ | ၁၁ | ၂၄ | ၄၃ |
| ၂ | လီဗာပူး | ၁၇ | ၁၁ | ၄ | ၂ | ၄၁ | ၂၀ | ၂၁ | ၃၇ |
| ၃ | မန်စီးတီး | ၁၇ | ၁၁ | ၃ | ၃ | ၃၆ | ၂၀ | ၁၆ | ၃၆ |
| ၄ | အာဆင်နယ် | ၁၇ | ၁၀ | ၄ | ၃ | ၃၈ | ၁၉ | ၁၉ | ၃၄ |
| ၅ | စပါး | ၁၇ | ၉ | ၆ | ၂ | ၂၉ | ၁၂ | ၁၇ | ၃၃ |
| ၆ | မန်ယူ | ၁၇ | ၈ | ၆ | ၃ | ၂၄ | ၁၇ | ၇ | ၃၀ |
| ၇ | ဆောက်သမ်တန် | ၁၇ | ၆ | ၆ | ၅ | ၁၇ | ၁၆ | ၁ | ၂၄ |
| ၈ | ဝက်စ်ဘရွန်း | ၁၇ | ၆ | ၅ | ၆ | ၂၃ | ၂၁ | ၂ | ၂၃ |
| ၉ | အဲဗာတန် | ၁၇ | ၆ | ၅ | ၆ | ၂၁ | ၂၁ | ၀ | ၂၃ |
| ၁၀ | ဘုန်းမောက် | ၁၇ | ၆ | ၃ | ၈ | ၂၃ | ၂၈ | -၅ | ၂၁ |
| ၁၁ | စတုတ် | ၁၇ | ၅ | ၆ | ၆ | ၁၉ | ၂၄ | -၅ | ၂၁ |
| ၁၂ | ဝက်ဖို့ဒ် | ၁၇ | ၆ | ၃ | ၈ | ၂၁ | ၂၉ | -၈ | ၂၁ |
| ၁၃ | ဝက်စ်ဟမ်း | ၁၇ | ၅ | ၄ | ၈ | ၁၉ | ၃၁ | -၁၂ | ၁၉ |
| ၁၄ | မစ်ဒယ်ဘရော့ | ၁၇ | ၄ | ၆ | ၇ | ၁၆ | ၁၉ | -၃ | ၁၈ |
| ၁၅ | လက်စတာ | ၁၇ | ၄ | ၅ | ၈ | ၂၃ | ၂၉ | -၆ | ၁၇ |
| ၁၆ | ဘန်လေ | ၁၇ | ၅ | ၂ | ၁၀ | ၁၆ | ၂၈ | -၁၂ | ၁၇ |
| ၁၇ | ခရစ္စတယ်ပဲလေ့စ် | ၁၇ | ၄ | ၃ | ၁၀ | ၂၈ | ၃၂ | -၄ | ၁၅ |
| ၁၈ | ဆန်းဒါးလန်း | ၁၇ | ၄ | ၂ | ၁၁ | ၁၅ | ၂၈ | -၁၃ | ၁၄ |
| ၁၉ | ဆွမ်ဆီး | ၁၇ | ၃ | ၃ | ၁၁ | ၂၀ | ၃၇ | -၁၇ | ၁၂ |
| ၂၀ | ဟားလ်စီးတီး | ၁၇ | ၃ | ၃ | ၁၁ | ၁၄ | ၃၆ | -၂၂ | ၁၂ |

### ဝက်ဖို့ဒ် - ပဲလေ့စ်
**ည ၇း၀၀ (၂၆-၁၂-၁၆)**

ဝက်ဖို့ဒ်က အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပြီး ခြေစွမ်းပိုင်းအရလည်း ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းကပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့်လည်း မန်ယူ၊ ချယ်လ်ဆီးတို့နဲ့ ကစားခဲ့တဲ့ ပွဲတွေမှာပဲလေ့စ်ခြေကလည်း ကောင်းမွန်ခဲ့တာကြောင့် ဝက်ဖို့ဒ်တို့ နိုင်ပွဲရယူနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ပဲလေ့စ်ရဲ့ ကစားအားကြောင့် ဝက်ဖို့ဒ်အိမ်ကွင်းဖြစ်ပေမယ့် သရေကျသွားနိုင်ပါတယ်။

### အာဆင်နယ် - ဝက်စ်ဘရွန်း
**ည ၉း၃၀ (၂၆-၁၂-၁၆)**

မန်စီးတီးကို ရှုံးနိမ့်ခဲ့ရတာကြောင့် အာဆင်နယ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ မူစတာဖီ မပါဝင်နိုင်တာကြောင့် ခံစစ်ပိုင်းအားနည်းမှုတွေရှိနေပေမယ့်လည်း ဝက်စ်ဘရွန်းကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းအနေနဲ့ အဝေးကွင်းမှာ ခြေစွမ်းပိုင်းပိုမိုအားနည်းတတ်တာကြောင့် အာဆင်နယ်တို့အခွင့်အရေးရနိုင်ကာနိုင်ပွဲလည်းရယူနိုင်ဖို့ရှိပါတယ်။

### ဘန်လေ - မစ်ဒယ်ဘရော့
**ည ၉း၃၀ (၂၆-၁၂-၁၆)**

စပါးကို ရှုံးနိမ့်ခဲ့ရပေမယ့်လည်း ဘန်လေရဲ့ တုံ့ပြန်ကစားပုံ ကောင်းမွန်ခဲ့ပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ဘန်လေရဲ့ကစားအားက ကောင်းမွန်မှုပိုရှိတာကြောင့် မစ်ဒယ်ဘရော့တို့အခက်တွေ့နိုင်ပါတယ်။ မစ်ဒယ်ဘရော့က ဆွမ်ဆီးကိုဂိုးပြတ်နိုင်ခဲ့ပေမယ့် တိုက်စစ်ပိုင်းကအစ တည်ငြိမ်မှုမရှိသေးပါဘူး။ ဘန်လေတို့ အိမ်ကွင်းမှာ ကပ်နိုင်ခြေရှိပါတယ်။

### ချယ်လ်ဆီး - ဘုန်းမောက်
**ည ၉း၃၀ (၂၆-၁၂-၁၆)**

ချယ်လ်ဆီးက လက်ရှိအချိန်မှာတိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းပါးလာပေမယ့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှု ရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုရှိနေပါတယ်။ ဘုန်းမောက်ကတော့ ဆောက်သမ်တန်ကိုတောင် အိမ်ကွင်းမှာဂိုးပြတ်ရှုံးနိမ့်ခဲ့ရကာ ခြေစွမ်းပိုင်းအားနည်းခဲ့သလို အဝေးကွင်းမှာလည်း ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ချယ်လ်ဆီးတို့ နိုင်ပွဲထပ်ရသွားနိုင်ပါတယ်။

### လက်စတာ - အဲဗာတန်
**ည ၉း၃၀ (၂၆-၁၂-၁၆)**

လက်စတာက ရှေ့နှစ်ပွဲဆက်တိုက် အနိုင်မရခဲ့ဘဲတစ်ပွဲရှုံးနိမ့်ကာ တစ်ပွဲသရေသာ ကစားနိုင်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အဲဗာတန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းနေသလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့် လက်စတာတို့ နိုင်ပွဲပြန်လည်ရရှိနိုင်ပါတယ်။

### မန်ယူ - ဆန်းဒါးလန်း
**ည ၉း၃၀ (၂၆-၁၂-၁၆)**

မန်ယူက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေပါတယ်။ တိုက်စစ်ပိုင်းမှာလည်း မိုဗစ်ခြေစွမ်းပြနေလို့ အဆုံးသတ်အားကောင်းမွန်နေသလို ကာရစ်ခြေစွမ်းပြနေတာကြောင့်လည်းကွင်းလယ်ပိုင်းက ပိုမိုကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် မန်ယူတို့ အားစိုက်လာမှာဖြစ်သလို ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းနေပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ ဒီပွဲစဉ်မှာလည်း နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေ ပါတယ်။

### ဆွမ်ဆီး - ဝက်စ်ဟမ်း
**ည ၉း၃၀ (၂၆-၁၂-၁၆)**

ဟားလ်ကို အနိုင်ရခဲ့တယ်ဆိုပေမယ့်လည်း အဆိုပါပွဲမှာဝက်စ်ဟမ်းရဲ့ ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိခဲ့ပါတယ်။ ဟားလ်ကတောင် ဖိအားပေးကစားနိုင်ခဲ့သလို ဟားလ်တို့ ဂိုးကံခေခဲ့လို့သာ ဝက်စ်ဟမ်းတို့မထင်မှတ်ဘဲ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းအနေနဲ့ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်တာကြောင့် ဆွမ်ဆီးတို့ အခွင့်အရေးရရှိနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဆွမ်ဆီးခြေစွမ်းပိုင်းကျဆင်းနေပေမယ့် အိမ်ကွင်းဖြစ်လို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

### ဟားလ် - မန်စီးတီး
**ည ၁၁း၄၅ (၂၆-၁၂-၁၆)**

မန်စီးတီးဟာ အာဆင်နယ်ကိုအနိုင်ရရှိခဲ့သလို နိုင်ပွဲဆက်နိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လက်ရှိအချိန်မှာ မန်စီးတီးခြေစွမ်းပိုင်းက ထင်သလောက်ကောင်းမွန်မှုမရှိတာကိုတွေ့ရပါတယ်။ ဒါ့အပြင် ဟားလ်ကလည်းအိမ်ကွင်းဖြစ်လို့ တန်းမဆင်းရဖို့အားစိုက်လာမှာ သေချာနေပါတယ်။ မန်စီးတီးအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်ပါတယ်။

### လီဗာပူး - စတုတ်
**ည ၁၁း၄၅ (၂၇-၁၂-၁၆)**

လီဗာပူးက အိမ်ကွင်းဖြစ်တာကြောင့် ချယ်လ်ဆီးကို ဆက်လက်ဖိအားပေးနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးအနေနဲ့ ခံစစ်ပိုင်းက ထင်သလောက်တည်ငြိမ်မှုမရှိပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အဆုံးသတ်ပိုင်းကောင်းမွန်မှုရှိပါတယ်။ စတုတ်ကတော့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းထင်သလောက် တည်ငြိမ်မှုမရှိဘဲအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပါတယ်။ အိမ်ကွင်းမှာ လီဗာပူးပဲအနိုင်ရမယ်။

### ဆောက်သမ်တန် - စပါး
**နံနက် ၂း၃၀ (၂၉-၁၂-၁၆)**

ဆောက်သမ်တန်က ဘုန်းမောက်ကို ဂိုးပြတ်အနိုင်ရယူနိုင်ပေမယ့် ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံပြန်လည်ရရှိနေပြီလို့ ဆိုဖို့ခက်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ပိုင်းကောင်းမွန်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ စပါးခြေကလည်းတည်ငြိမ်မှု ထင်သလောက်မရှိပါဘူး။ အထူးသဖြင့် စပါးတိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမငြိမ်တာကြောင့် စပါးတို့သရေလောက်ပဲကစားနိုင်ဖို့ရှိပါတယ်။

# မန်စီးတီးကို မန်ယူထက် ကြီးကျယ်ခမ်းနားသည့် အသင်းအဖြစ်ထူထောင်ရေး ယာယာတိုရေး ပစ်မှတ်ထား

မန်စီးတီးကွင်းလယ်လူ ယာယာတိုရေးက သူ၏ပြင်းထန်သည့် အိမ်မက်တစ်ခုမှာ မန်စီးတီးအသင်းကို မန်ယူထက် ကြီးကျယ်ခမ်းနားသည့် ကလပ်အသင်းဖြစ်လာရေးနှင့် မန်စီးတီးအောင်မြင်မှုအစိတ်အပိုင်းတစ်ရပ်အဖြစ် ၎င်းပါဝင်ခွင့်ရလိုရေးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ တိုရေးက မန်စီးတီးနှင့် စာချုပ်မချုပ်ဖြစ်မီ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်တွင်ရှိစဉ်ကတည်းက ယင်းအိပ်မက်ကို အကောင်အထည်ဖော်ရန် လိုလားခဲ့ခြင်းဖြစ်ဟုဆိုသည်။

မန်ယူသည် ပရီမီယာလိဂ်ဖလား အကြိမ်ရေအများဆုံး ဆွတ်ခူးထားသည့် အင်္ဂလန်၏ အစဉ်အလာအကြီးဆုံး ကလပ်အသင်းဖြစ်သောကြောင့် မန်စီးတီးအသင်းအနေဖြင့် မန်ယူအသင်းအောင်မြင်မှုကို လိုက်မီရန်မလွယ်ကူသော်လည်း မန်ယူအသင်းရရှိထားသည့် အောင်မြင်မှုများကို တစ်ချိန်ချိန်တွင် မန်စီးတီးအသင်းဖြတ်ကျော်နိုင်မည်ဟု တိုရေးကမျှော်လင့်နေခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ၂၀၁၁-၁၂ ဘောလုံးရာသီနှင့် ၂၀၁၃-၁၄ ဘောလုံးရာသီတို့တွင် ပရီမီယာလိဂ်ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက်ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး မန်စီးတီး၏ ဥရောပအင်အားကြီးအသင်းဖြစ်လိုရေး မျှော်လင့်ချက်ကို အတိုင်းအတာတစ်ခုထိ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည်ဟု ယူဆရသည်။

**(မေလှဲ့သင်း)**

**EdkifiHtwfvnfaqmufmwifEdkifiHtwft cdyft jcmtmPm\ cufoHjmzpfonf0ya'jyla&;/ tjcdyfa&;/ w&m;pD&if&;[bnfr@dkufuD&dyfzifht cifcif tjyeft vef xefaumifaqmif&ufonf[kqdkum;&m 0ya'qdkim talumift&mrm;uhynf&m; odkWvkrmEdkiefpma&;olarmifpm*\ 0ya'EJiSyfqdkiom aqmifyg;rm;ukt ywf0f azmfyay;om;yrnfaqmify;wifyg&onft alumift&mrm;onfpma&;ol\ t mabmfbmjzpfyonf (pmwnftzGJU**

# ဥပဒေနှင့်ဆင်ခြင်တုံတရား

**armif\m***

တရားဥပဒေစိုးမိုးဖို့ဆိုလျှင် ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသူအားလုံးက ဥပဒေကို ကိုယ်တိုင်လေးစားလိုက်နာကြရမည်။ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်။ ဒါနှင့်မပြီးသေးပါ။ ကောင်းသောဆင်ခြင်တုံတရားများ ရှိဖို့လိုသည်။ ဥပဒေနှင့်အညီသာ ဆောင်ရွက်ပြီး ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့လျှင် အဖြေမှာမမျှမတဖြစ်တတ်သည်။ ဆင်ခြင်တုံတရားနှင့်သာဆောင်ရွက်ပြီး ဥပဒေကို ပစ်ပယ်ထားခဲ့လျှင် အဖြေမှာဥပဒေနှင့်မညီဖြစ်တတ်သည်။ ကောင်းသော ဆင်ခြင်တုံတရားနှင့်ဥပဒေတို့ ပေါင်းစပ်သုံးသပ်ဆောင်ရွက်နိုင်မှသာလျှင် အဖြေမှာ ဥပဒေနှင့်အညီ မှန်ကန်မျှတသောဆောင်ရွက်ချက်ဖြစ်မည်။ တရားဥပဒေစိုးမိုးရေး ပြည့်ပြည့်ဝဝ ရရှိနိုင်မည်ဖြစ်သည်။

**ဆင်ခြင်တုံတရားဟူသည် အဘယ်နည်း**

ဆင်ခြင်တုံတရားဟူသည် တိုတိုရှင်းရှင်းနှင့် နားလည်သလို ပြောရလျှင် အကြောင်းအရာအဖြစ်အပျက်ကိစ္စရပ်တစ်ခုအပေါ် သင့်၏ မသင့်၏၊ လျော်ကန်၏ မလျော်ကန်၏၊ ဆီလျော်၏ မဆီလျော်၏၊ ဖြစ်ထိုက်၏ မဖြစ်ထိုက်၏၊ ကောင်း၏ ဆိုး၏၊ မှန်၏ မမှန်၏၊ တရား၏ မတရား၏ စသည်ဖြင့် ကြောင်းကျိုးဆီလျော်စွာ ခွဲခြမ်းစိတ်ဖြာဆင်ခြင်ခြင်းပင်ဖြစ်သည်။

ထိုသို့ဆင်ခြင်ပြီးနောက် သင့်တာ၊ လျော်ကန်တာ၊ ဆီလျော်တာ၊ ဖြစ်ထိုက်တာ၊ ကောင်းတာ၊ မှန်တာ၊ တရားတာတို့ကို ကျင့်သုံးဆောင်ရွက်လုပ်ကိုင်ခြင်းကို ဆင်ခြင်တုံတရားရှိသည်ဟု ခေါ်ဆိုအပ်၏။

ထိုသို့ဆင်ခြင်ပြီးနောက် သို့မဟုတ် ဆင်ခြင်ခြင်းမပြုဘဲ မသင့်တာ၊ မလျော်ကန်တာ၊ မဆီလျော်တာ၊ မဖြစ်ထိုက်တာ၊ မကောင်းတာ၊ မမှန်တာ၊ မတရားတာတို့ကို ကျင့်သုံးဆောင်ရွက် လုပ်ကိုင်ခြင်းဖြစ်လျှင် ဆင်ခြင်တုံတရား ကင်းမဲ့သည်ဟု ခေါ်ဆိုအပ်၏။

**ဥပဒေနှင့်ဆင်ခြင်တုံတရားဆက်စပ်မှု**

ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်သည် ဥပဒေနှင့် ညီညီညွတ်ညွတ် ဖြစ်ဖို့လိုသည်။ ထို့မျှမကသေး မျှမျှတတဖြစ်စေရသည်။ အများလက်ခံနိုင်စေရမည်။ အချို့အချို့သော ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များသည် ဥပဒေနှင့်အညီဖြစ်ကောင်းဖြစ်နေမည်။ သို့ရာတွင် မမျှမတဖြစ်နေတတ်သည်။ အများလက်မခံနိုင်စရာ ဖြစ်နေတတ်သည်။ ဤသို့ဖြစ်နေရခြင်း၏ အဖြေကိုရှာသော် ဆင်ခြင်တုံတရားအားမကောင်း၍ ဖြစ်နေရသည်။ ဆင်ခြင်တုံတရား အားကောင်းသော်လည်း အဂတိမကင်းသည့် ဆင်ခြင်တုံတရားများကြောင့်ဖြစ်နေရသည်ဟု ဆိုရမည်ပင်။

အကြောင်းအရာ၊ အဖြစ်အပျက်၊ ကိစ္စရပ်တစ်ခုအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရသည့်အခါ သို့မဟုတ် အဆုံးအဖြတ်ပြုရသည့်အခါ ဆင်ခြင်တုံတရားဟူသည် ကပ်ပါလျက်ရှိသည်။ ဥပဒေနှင့် ဆင်ခြင်တုံတရား ဒွန်တွဲဆက်စပ်လျက်ရှိသည်။ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရာတွင် ဆင်ခြင်တုံတရားအားကောင်းမည်ဆိုက ထိုဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်သည် ဥပဒေနှင့်အညီဖြစ်သည့်အပြင် မျှမျှတတရှိသော၊ အများလက်ခံနိုင်သော ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ဖြစ်နေမည်မှာ မလွဲဧကန်ပင်။

ဥပဒေနှင့်ဆင်ခြင်တုံတရား ဒွန်တွဲဆက်စပ်နေမှု၏ သိသာထင်ရှားသည့် သာဓကအချို့ကို ကောက်နုတ်ဖော်ပြပါမည်။

**အာမခံမပေးနိုင်သော ပြစ်မှုများနှင့် ပေးနိုင်သောပြစ်မှုများ**

ပြစ်မှုဆိုင်ရာအမှုများတွင် အာမခံပေးနိုင်သော ပြစ်မှု၊ အာမခံမပေးနိုင်သော ပြစ်မှုဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ရာဇသတ်ကြီးဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်မှုများထဲမှ မည်သည့် ပြစ်မှုမျိုးသည် အာမခံပေးနိုင်သည်။ မည်သည့်ပြစ်မှုမျိုးက အာမခံမပေးနိုင်ဆိုသည်ကို ပြစ်မှုတစ်ခုချင်းအလိုက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ နောက်ဆက်တွဲဇယား ၂ တွင်ဖော်ပြထားသည်။ အထူးဥပဒေတစ်ရပ်ရပ်တွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုများဖြစ်ပါက ထောင်ဒဏ်သုံးနှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုမျိုးဖြစ်လျှင် အာမခံမပေးနိုင်သော ပြစ်မှုဟူ၍ သတ်မှတ်ထားသည်။

**အာမခံပေးခြင်းနှင့် မပေးခြင်း**

ပြစ်မှုတစ်ရပ်ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူတစ်ဦးအား အာမခံပေးခြင်း၊ မပေးခြင်းနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၆ နှင့် ပုဒ်မ ၄၉၇ တို့တွင် ပြဋ္ဌာန်းထားသည်။ အာမခံပေးနိုင်သော ပြစ်မှုဖြစ်လျှင် အာမခံပေးရန်ဖြစ်သည်။ ကိုယ်တိုင်ခံဝန်နှင့် နေခွင့်ပြုသင့်သူဖြစ်ကနေခွင့်ပြုရန်ဖြစ်သည်။ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်လျှင် ယေဘုယျအားဖြင့် အာမခံမပေးရပါ။ သို့ရာတွင် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသော ပြစ်မှုဖြစ်သော်လည်း ထိုပြစ်မှုသည် သေဒဏ်သို့မဟုတ် အနှစ်နှစ်ဆယ်ထောင်ဒဏ် (တစ်သက်တစ်ကျွန်း) ပြစ်ဒဏ်ချမှတ်နိုင်သော အမှုမျိုးမဟုတ်လျှင် အာမခံဖြင့် လွှတ်ထားနိုင်ကြောင်း ခွင်းချက်သဘော ပြဋ္ဌာန်းထားချက်ရှိသည်။ အနှစ်ချုပ်မှာ ပြစ်မှုကျူးလွန်သူသည် အမျိုးသမီးဖြစ်နေလျှင်၊ အသက် ၁၆ နှစ်အောက် အရွယ်ရှိသူ၊ အသက်ကြီး အိုမင်း၊ ကျန်းမာရေးချို့တဲ့၊ မသန်စွမ်းဖြစ်သူများဖြစ်နေလျှင် အာမခံဖြင့် လွှတ်ထားနိုင်သည်။

အခြားတစ်နည်းတွင် စွပ်စွဲခံရသူသည် ထွက်ပြေးတိမ်းရှောင်သွားနိုင်သည်ဟု အလားအလာရှိနေခဲ့လျှင် သို့မဟုတ် ယင်း၏ဩဇာအာဏာကိုသုံး၍ တရားလိုနှင့် တရားလိုပြ သက်သေများအား တရားရုံးတွင် မှန်မှန်ကန်ကန် ထွက်ဆိုခြင်းမပြုနိုင်အောင် ဖျက်လိုဖျက်ဆီးပြုနိုင်သည့် အခြေအနေမျိုးရှိလျှင် သို့မဟုတ် အာမခံအတွက် လုံလောက်သော အာမခံသူများ မတင်ပြနိုင်လျှင် အာမခံမပေးဘဲ ထားနိုင်သည်။

ဤပြဋ္ဌာန်းချက်များကိုကြည့်လျှင် အာမခံပေးခြင်း၊ မပေးခြင်းကိစ္စရပ်တွင် ဥပဒေနှင့်အညီဖြစ်ရန် သုံးသပ်ရသကဲ့သို့ ဥပဒေဘောင်အတွင်း ဆင်ခြင်တုံတရားအရလည်း အဆုံးအဖြတ်ပေးရန် လိုအပ်နေပေမည်။

**အာမခံပေးခြင်းသည်မူ၊ မပေးခြင်းသည်ခြွင်းချက်**

အာမခံပေးခြင်းသည်မူ၊ မပေးခြင်းသည် ခြွင်းချက်ဆိုသည်ကို တရားစီရင်ထုံးအသီးသီးက ဖွင့်ဆိုဆုံးဖြတ်ထားသည်ကိုလည်း တွေ့ရသည်။ အာမခံပေးခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့်မူတို့သည် တရားစွဲ အဖွဲ့အစည်းဖြစ်သည့် ရဲတပ်ဖွဲ့များကလည်း လိုက်နာကြရသည်။ တရားရုံးများကလည်း လိုက်နာကြရသည်။ အာမခံပေးသင့် မပေးသင့်စဉ်းစားရာတွင် အာမခံပေးရမည့်မူကို ရှေးဦးစဉ်းစားဖို့ လိုပါမည်။ ဒုတိယအာမခံမပေးရမည့် အခြေအနေမျိုးပေါ်ပေါက်နေမှု ရှိ-မရှိ စဉ်းစားရပါမည်။ ဤတွင် ဥပဒေထက် ဆင်ခြင်တုံတရားက ပို၍အရေးကြီးလာသည်ဟု ထင်မြင်မိသည်။ ဥပဒေထက်ဟုဆိုရာတွင် ဥပဒေပြဋ္ဌာန်းချက်ကို ဘေးဖယ်ထားဖို့မဟုတ်၊ ဥပဒေပြဋ္ဌာန်းချက်ကို ဆန့်ကျင်ကျော်လွှားဖို့မဟုတ်၊ ဥပဒေနှင့်အညီဖြစ်ရမည်။ ဥပဒေဘောင်အတွင်းက ဖြစ်ရမည်။ တစ်ဆက်တည်းတွင်ဆင်ခြင်တုံတရား အားကောင်းဖို့ဆိုလိုခြင်းဖြစ်သည်။ ဆင်ခြင်တုံတရား အားကောင်းဖို့ဆိုလျှင် အဂတိကင်းသည့် ဆင်ခြင်တုံတရားဖြစ်ဖို့ လိုအပ်သည်မှာ အမှန်ပင်။

အဂတိမကင်းသည့် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် ပြစ်မှုခြင်းလည်းတူ၊ အခြေအနေအကြောင်းအရာခြင်းလည်း တူညီနေပါလျက် "သူ့ကျတော့ အာမခံပေးသည်၊ ငါ့ကျတော့ အာမခံမပေး။ သူ့ကျတော့ တရားရုံးသို့ စွဲမတင်မီကတည်းက အာမခံရနေသည်၊ ငါ့ကျတော့ တရားရုံး စွဲတင်ပြီးမှ အာမခံရသည်" စသည်စသည်ဖြင့် မမျှမတဖြစ်မှုတွေ တွေ့ကြုံနေကြရဦးမည်သာ။

**သက်သေထွက်ဆိုချက်များအပေါ် သုံးသပ်ခြင်း**

ပြစ်မှုများကို စစ်ဆေးရသည့်အခါ တရားလိုနှင့် တရားလိုပြသက်သေများ၏ စွပ်စွဲထွက်ဆိုချက်များ၊ တရားခံနှင့် တရားခံပြ သက်သေများ၏ ခုခံချေပထွက်ဆိုချက်များဟူ၍ရှိသည်။ တရားခံသည် စွဲဆိုထားသော ပြစ်မှုများကို ကျူးလွန်ကြောင်း တရားလိုဘက်က စွပ်စွဲထွက်ဆိုမည်။ တရားခံဘက်ကလည်း ပြစ်မှုမကျူးလွန်ကြောင်း ခုခံချေပမည်။ တရားခံဘက်က ခုခံချေပသည်များမှာ ပြစ်မှုကျူးလွန်ရခြင်းမရှိဟု လုံးဝငြင်းဆိုခြင်း၊ ပြစ်မှုဖြစ်ပွားသည့်အချိန်က ၎င်းမရှိကြောင်း အလီဘိုင်ပြ၍ ထုချေခြင်း၊ ပြစ်မှုကို တစ်စိတ်တစ်ပိုင်းသာ ကျူးလွန်ရသည်ဟုထုချေခြင်း၊ ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ရသည်ဟူ၍ ထုချေခြင်း၊ ကျူးလွန်ရသည့် ပြစ်မှုသည် ကင်းလွတ်ခွင့်ပေးထားသည့် ခြွင်းချက်တစ်ရပ်ရပ်တွင် အကျုံးဝင်နေ၍ အပြစ်မရှိပါဟူ၍ ထုချေခြင်းစသည်ဖြင့် တွေ့ရတတ်သည်။

တရားလိုဘက် စွပ်စွဲထွက်ဆိုချက်များနှင့် တရားခံဘက်ခုခံချေပချက်များတွင် မည်သည့်အချက်များက လက်ခံသင့်သည်။ မသင့်သည်။ စွဲဆိုထားသော ပြစ်မှုနှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်တို့ကို သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စဉ်းစားတွေးခေါ်ဆုံးဖြတ်ရသည်။ ဥပဒေ အကြောင်းအချက်ကိုလည်း သုံးသပ်ဆင်ခြင်ရသည်။ အကြောင်းခြင်းရာ အချက်အလက်ကိုလည်း သုံးသပ်ဆင်ခြင်ရသည်။ ထိုသို့သုံးသပ်ဆင်ခြင်ပြီးမှ ပြစ်မှုကျူးလွန်ခြင်း မြောက်-မမြောက် အဆုံးအဖြတ်ပြုရသည်။ ထို့ကြောင့် ဆင်ခြင်တုံတရားအားကောင်းဖို့ အထူးလိုအပ်သည်။

**ပြစ်ဒဏ်သတ်မှတ်ခြင်း**

ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ပြစ်ဒဏ်များ သတ်မှတ်ပေးရာတွင် တရားသူကြီးတစ်ဦး၏ ဆင်ခြင်တုံတရားက ဥပဒေဘောင်အတွင်း ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပေးထားသည်။ ဥပမာ - ကြိုတင်ကြံရွယ်ချက်မပါသည့် လူသတ်မှုပြစ်မှု ပုဒ်မ ၃၀၂ (၂) ကို ကျူးလွန်သူတစ်ဦးအား တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်အရဆိုလျှင် ထောင်ဒဏ်အနည်းဆုံးမည်၍မည်မျှ ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းမထား။ ထောင်ဒဏ် တစ်နှစ်ချမှတ်လျှင်လည်း ဥပဒေနှင့်အညီဖြစ်သည်။ ထောင်ဒဏ် နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ် ချမှတ်လျှင်လည်း ဥပဒေနှင့်အညီဖြစ်သည်။ သို့သော် မမျှတသော ပြစ်ဒဏ်မျိုးဖြစ်နေမည်။ အများလက်မခံနိုင်သော ပြစ်ဒဏ်မျိုးဖြစ်နေမည်။ ဤတွင် တရားသူကြီးက ပြစ်မှုကျူးလွန်ရခြင်း၏ အခြေခံအကြောင်းအချက်များအပေါ် မူတည်ကာ ပြစ်မှု၏အတိမ်အနက်အရ မျှတသောပြစ်ဒဏ်များ ချမှတ်ရသည်။ ဆင်ခြင်တုံတရားက အဓိကဖြစ်လာသည်။ အတွေ့အကြုံများအရ ထောင်ဒဏ်ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်၊ ဆယ်နှစ် စသည်ဖြင့် ချမှတ်လေ့ရှိသည်။ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခြင်းမျိုးလည်း ကြုံခဲ့ဖူးသည်။ ယခုအခါ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ဆိုသော စကားရပ်အစား ထောင်ဒဏ် နှစ်နှစ်ဆယ်ဆိုသောစကားရပ်ဖြင့် အစားထိုးထားသည်။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၉ ခိုးမှုအတွက် ပြစ်ဒဏ်သတ်မှတ်မည်ဆိုပါက သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ကျူးလွန်သည့် ပြစ်မှု၏ ပမာဏအတိုင်းအဆ၊ အကြီးအသေးအပေါ် မူတည်၍ ငွေဒဏ်၊ ထောင်ဒဏ် တစ်ရက်၊ တစ်လမှစ၍ သုံးနှစ်အထိ တရားသူကြီး၏ ဆင်ခြင်တုံတရားအရ ချမှတ်နိုင်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ လိမ်လည်မှုအတွက် ပြစ်ဒဏ်သတ်မှတ်မည်ဆိုပါက ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ နစ်နာမှုအပေါ် အခြေပြုလျက် ထောင်ဒဏ်တစ်ရက်တစ်လမှသည် ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးကို တရားသူကြီး၏ ဆင်ခြင်တုံတရားအရ ချမှတ်နိုင်သည်။

ဤသို့ဆိုလျှင်ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ပြစ်ဒဏ်သတ်မှတ်ရာတွင် ကျူးလွန်သည့်ပြစ်မှုအကြောင်းခြင်းရာ၊ အတိုင်းအတာအပေါ်အခြေပြုလျက် တရားသူကြီးအား ကျယ်ပြန့်သောဆင်ခြင်တုံတရား အပ်နှင်းထားသည်ကို တွေ့မြင်ရပေမည်။ ထို့ကြောင့်ပင် 'နှိုင်းနှိုင်းချိန်ချိန်သုခမိန်' ဆိုရိုးစကားအတိုင်း ဆင်ခြင်တုံတရားအားကောင်းဖို့လိုကြောင်း ပြောရခြင်းဖြစ်သည်။

**အုပ်ချုပ်ရေးအဖွဲ့အစည်းများ**

အုပ်ချုပ်ရေးအဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီဆောင်ရွက်ကြရာ၌ ဆင်ခြင်တုံတရားဟူသည် ရှိရစမြဲဖြစ်သည်။ အုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ခါတစ်ရံ မမျှော်လင့်နိုင်သော အကြောင်းအချက် အခြေအနေအမျိုးမျိုးနှင့် တွေ့ကြုံရတတ်သည်။ ဤတွင် ဥပဒေနှင့်လည်းအညီဖြစ်စေရသည်။ ဆင်ခြင်တုံတရားကိုလည်း ကျင့်သုံးရသည်။ ဥပဒေနှင့်အညီဖြစ်ပြီး ဆင်ခြင်တုံတရားလည်း အားကောင်းပါမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်သည် မျှတမှုရှိပြီး အများယုံကြည် လက်ခံနိုင်မှုရရှိမည်။ အဂတိမကင်းသော၊ ဘက်လိုက်မှုရှိသော ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်မည်ဆိုပါက ဥပဒေနှင့်ညီသော ဆောင်ရွက်ချက်တစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း မမျှမတသော အများလက်မခံနိုင်သော ဆောင်ရွက်ချက်မျိုး ဖြစ်သွားနိုင်သည်ကို သတိမူကြသင့်သည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အုပ်ချုပ်သူအရာရှိကြီးငယ်မဟူ မည်သူမဆို အဂတိကင်းရန် အထူးအရေးကြီးလှသည်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ တည်းဟူသော အဂတိတရားများကင်းမှသာ ကောင်းသောအုပ်ချုပ်ရေးဖြစ်နိုင်ပေမည်။ 'လူကိုခင်၍မူကိုပြင်သည်။ လူကိုမုန်း၍မူကို သုံးသည်' ဆိုသည်မှာ အဂတိမကင်းခြင်းပင်ဖြစ်သည်။ ချစ်ခြင်း မုန်းခြင်းကင်းသော၊ ဆန့်ကျင်ခြင်း၊ ငြိတွယ်ခြင်းကင်းသော သမာသမတ်ကျသည့် ဆင်ခြင်တုံတရားဖြင့် ဥပဒေနှင့်အညီ အုပ်ချုပ်မှသာ မှန်ကန်သည့် ဆုံးဖြတ်ချက်၊ တရားမျှတသည့် လုပ်ဆောင်ချက်ဖြစ်ပေလိမ့်မည်။

**ဆင်ခြင်တုံတရားသည် တရားမျှတမှန်ကန်စေရန် ချင့်ချိန်ခြင်းဖြစ်သည်**

ဤဆောင်းပါးပါ ရည်ညွှန်းသော ဆင်ခြင်တုံတရားသည် ဥပဒေကအပ်နှင်းထားသော ဆင်ခြင်တုံတရားဖြစ်သည်။ မိမိ၏ ကိုယ်ပိုင်အခွင့်အရေးတစ်ရပ်မဟုတ်၊ မိမိ၏အကျိုးအတွက် ကျင့်သုံးရန် မဟုတ်။ ဥပဒေနှင့်အညီ တရားသဖြင့်ဖြစ်စေဖို့၊ မှန်မှန်ကန်ကန်မျှမျှတတဖြစ်စေဖို့၊ တစ်ဖက်စောင်းနင်းမဖြစ်စေဖို့၊ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်စေဖို့ ဦးတည်ကာ ဥပဒေဘောင်အတွင်း ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားချင့်ချိန်ဝေဖန်သုံးသပ်နိုင်ရန်ပေးထားသော ဆင်ခြင်တုံတရားဖြစ်သည်ကို အထူးသတိမူကြရန်ဖြစ်သည်။ **စာမျက်နှာ ၁၉ သို့**



## မန္တလေးမဟာမုနိဘုရားကြီးအနီးရှိဘုရားကျောင်းဆောင်လုပ်ငန်းများမှ ဘုရားကျောင်းဆောင်ငယ်များကို ဒေသအနှံ့ တွင်ကျယ်စွာတင်ပို့ရောင်းချလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၂**
မန္တလေးမြို့ မဟာမုနိဘုရားကြီးအနီးတွင် မှန်ဖြင့်ပြုလုပ်သော ဘုရားကျောင်းဆောင်ငယ်များကို တွင်ကျယ်စွာပြုလုပ်ကာ ဒေသအနှံ့ တင်ပို့ရောင်းချလျက်ရှိသည်။မှန်ဖြင့်ပြုလုပ်သော ဘုရားကျောင်းဆောင်ငယ်များ ပြုလုပ်ရန်အတွက် မှန်ကုန်ကြမ်းကို အဓိကအသုံးပြုကြရသည်။ မှန်များအသုံးပြုမှုတွင် မှန်အမျိုးအစားစုံစုံလင်လင် အသုံးပြုရသည်။ လက်ရှိအသုံးပြုနေသောမှန်များမှာ ဆိုလာမှန် အစိမ်း၊ အပြာ၊ ဇီးရောင်၊ မီးခိုးရောင်များနှင့်အတူ ဒီဇိုင်းမှန်များဖြစ်သည့် အာလူးကွက်၊ သွေးကြောကွက်၊ မေဖလားဝါး၊ စိန်မှုန်၊ ပန်းမှန်အကြည်များကို အများဆုံးအသုံးပြုသည်။

ဘုရားကျောင်းဆောင်ငယ် ပြုလုပ်ရန်အတွက် လိုအပ်သော ပေအတိုင်းအတာအတိုင်းဖြတ်ကာ လှပသော ပုံသဏ္ဌာန်များကို ပြုလုပ်ရောင်းချကြသည်။ ပလ္လင်နေရာတွင်ကတ္တီပါစခံပေးထားကြသည်။ အပေါ်အမိုးနှင့် အောက်ခံပြားကို အရောင်တူ အသုံးပြုပြီး ကျန်သည့်နေရာများကို ပန်းမှန်များ၊ ဆိုလာမှန်များကိုအသုံးပြုကြသည်။ မှန်ဖြင့်ပြုလုပ်သော ဘုရားကျောင်းဆောင်ငယ်များတွင်ဆီလီကွန်ကော်ကိုအဓိက အသုံးပြုပေးရသည်။

ကျောင်းဆောင်ငယ် ပြုလုပ်ရာတွင် ရှစ်လက်မကျောင်းဆောင်၊ ၁၀ လက်မကျောင်းဆောင်၊ ၁၂ လက်မကျောင်းဆောင်၊ ၁၄ လက်မကျောင်းဆောင်များအဖြစ် ပြုလုပ်ကြသည်။ လူတစ်ဦးလျှင် တစ်နေ့ဘုရားကျောင်းဆောင် ၁၂ ခုအထိ ပြီးသည်။ လုပ်ခအနေဖြင့် ရာခိုင်နှုန်းအလိုက်ရရှိကြသည်။ ၄၀၀၀ တန်ကျောင်းဆောင် ပြုလုပ်ပါက ငွေကျပ် လေးရာ၊ ရှစ်လက်မကျောင်းဆောင် တစ်ခုပြီးပါက ငွေကျပ်ရှစ်ရာရရှိသည်။ တစ်နေ့လျှင် အနည်းဆုံးလုပ်အားခ ကျပ် ၆၀၀၀ မှ ကျပ် ၉၀၀၀ အထိ ရရှိသည်။

လက်ရှိကာလတွင် ရှစ်လက်မဘုရားကျောင်းဆောင် တစ်ခုလျှင် ငွေကျပ် ၄၀၀၀၊ ၁၀ လက်မဘုရားကျောင်းဆောင်တစ်ခုလျှင် ငွေကျပ်၄၅၀၀၊ ၁၂ လက်မ တစ်ခုလျှင် ငွေကျပ်၅၀၀၀၊ ၁၄ လက်မကျောင်းဆောင် တစ်ခုလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ဖောက်သည်ပေးကြရသည်။ တဆင့်ပြန်ရောင်းသောဆိုင်များတွင်မူဈေးနှုန်းပိုသွားတတ်သည်။ လက်ရှိကာလတွင် မန္တလေးမဟာမုနိဘုရားကြီးအနီးတွင် မှန်ဖြင့်ပြုလုပ်သော ဘုရားကျောင်းဆောင်ငယ်များကို တွင်ကျယ်စွာပြုလုပ်ပြီး တောင်ကြီး၊ လားရှိုး၊ မကွေး၊ ကျောက်ဆည်၊ ပဲခူး၊ မုံရွာမြို့များသို့ တင်ပို့လျက်ရှိပြီး ဘုရားကျောင်းဆောင်လုပ်သူများ တစ်နှစ်ပတ်လုံး ပုံမှန်အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း 'ရွှေဆင်မင်း' ဘုရားကျောင်းဆောင်လုပ်ငန်းမှ ပြောပြသည်။

**နွေနဒီ၊မြစ်ငယ်**

## နွေစပါးစိုက်ပျိုးရေ အချိန်မီပေးဝေနိုင်ရေး ရေပေးတူးမြောင်းများပြင်ဆင်ဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၂၂**
မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့်နွေစပါး စိုက်ပျိုးရန် စိုက်ပျိုးရေ အချိန်မီ ပေးဝေနိုင်ရေး အတွက် ရေပေးတူးမြောင်းများ၊ ရေပေးအဆောက်အအုံများအား ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီ ပြီးစီးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများနှင့် ပတ်သက်၍ မြို့သစ်မြို့နယ် စွန်ချောင်းရေလှောင်တမံမှ ယမန်နှစ်က ၂၆၃၀၄ ဧကပေသာ သိုလှောင်နိုင်ခဲ့သော်လည်း ယခုနှစ်မိုးရာသီတွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၀၇၂၀ သိုလှောင်နိုင်ခဲ့ပြီး အသုံးပြုနိုင်သော ရေလှောင်ပမာဏမှာ ၂၉၈၃၇ ဖြစ်သဖြင့် မိုးစပါးအောင်ရေ ၆၉၀၉ ဧကအား အောင်ရေပေးဝေနိုင်ခဲ့သည်။ အလားတူ နတ်မောက်ရေလှောင်တမံတွင် ယမန်နှစ်က ၅၄၈၀၁ ဧကပေသာ သိုလှောင်နိုင်ခဲ့ရာ ယခုနှစ်တွင် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၀၁၀၀၀ သိုလှောင်နိုင်ခဲ့ပြီး အသုံးပြုနိုင်သော ရေပမာဏမှာ ၈၆၂၈၇ ဧကပေဖြစ်သဖြင့် မြို့သစ်မြို့နယ်အတွင်းရှိ မိုးစပါးများအား ဆည်ရေ အပြည့်အဝပေးဝေနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် စတင်မည့် နွေစပါး ရေပေးဝေနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်နှင့်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်တို့သည် ရေပေးတူးမြောင်းများ၊ ရေပေးအဆောက်အအုံများအား ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် စွန်ချောင်း ရေလှောင်တမံ မြောင်းမကြီး ပေတိုင်(၁၆၀၀)ပေတွင် ရေငုပ်ပြွန် အဆောက်အအုံ (Syphon) တိုးချဲ့တည်ဆောက် ခြင်းလုပ်ငန်းနှင့် နတ်မောက်လက်ဝဲမြောင်းမကြီး လက်တံ(၂)သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက နတ်မောက်ရေလှောင်တမံမှ ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၉ ရွာမှ နွေစပါးစိုက်ဧက ၇၉၄၉ နှင့် စွန်ချောင်းရေလှောင်တမံမှ မြို့လုလင်နှင့် ဆူးတပ်ကြီး ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ကိုးရွာမှ နွေစပါးစိုက် ဧက ၂၇၇၇ တို့အတွက် နွေစပါးအကျိုးပြုစိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## ဝေရောစန ကျောက်စိမ်းစေတီတွင် ဘုရားဖူးလာရောက်မှုများသော်လည်း အမှတ်တရပစ္စည်းဝယ်ယူသူနည်းပါး

**မန္တလေး ဒီဇင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ နေ့စဉ်နှင့်အမျှ ဘုရားဖူးဧည့်သည်များ များစွာလာရောက်ဖူးမြော်လေ့ရှိသော်လည်း စေတီတော်ကြီးအနီးတွင် ရောင်းချသော အမှတ်တရပစ္စည်းဆိုင်နှင့် အခြားစားသောက်ကုန်ဆိုင်များမှာ အရောင်းပါးလျက်ရှိကြောင်း သိရသည်။

"ကျောက်စိမ်းဘုရားထီးတင်ပြီး တစ်နှစ်ကျော်အထိ ရောင်းအားကောင်းတယ်။ အခုတော့အရောင်းပါးပြီးအများဆုံး ရောင်းရမှုတစ်နေ့ ငွေကျပ် ၂၀၀၀၀ ကျော်ကနေ ၃၀၀၀၀ ကျော်အထိပဲရှိတယ်။ ကြားရက်တွေမှာ ပိုပြီးအရောင်းပါးတယ်" ဟု အမှတ်တရပစ္စည်းရောင်းချသူတစ်ဦးက ပြောသည်။

ကျောက်စိမ်းစေတီကို အမှီပြုကာ အမှတ်တရပစ္စည်းဆိုင်များ ဆိုင်ပေါင်း ၄၀၀ ကျော်ရှိသည်။ စေတီတော်မြတ်ကြီးတွင် နေ့စဉ်ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး စနေ၊ တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့များတွင် ပိုမိုများပြားလျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ပြီးအမှတ်တရ ဖန်စီပစ္စည်းလာရောက်ရောင်းချပြီး တရုတ်နိုင်ငံမှဝင်သည့် ဖန်စီပစ္စည်းများဖြစ်သော လက်ကောက်၊ လက်စွပ်၊ လက်ပတ်နှင့်အတူ အခြားအလှဆင်ပစ္စည်းများကို အများဆုံးရောင်းချကြကြောင်း တွေ့ရသည်။

ပြည်တွင်းဖြစ်အနေဖြင့် စစ်ကိုင်းမြို့နယ် မန်ကျည်းစင်နှင့် မန္တလေးမဟာမုနိဘုရားကြီးမှ ဝယ်ယူရောင်းချသည့် ကျောက်စိမ်းအစစ်ဖြင့် ပြုလုပ်သော ပုတီး၊ စစ်ကိုင်းမှတစ်ဆင့် ဝယ်ယူရောင်းချသည့် စဉ့်ထည်လာဘ်ခေါ်ပစ္စည်းဖြစ်သည့် လိုမ့်ဝင်တည်ထည့်စီပွားတက် အရုပ်(ခေါ်) စဉ့်အိုးလိမ့်တွန်းနေပုံနှင့် စဉ့်ကိုတည်ပြီးကိုင်နေပုံ ကလေးများကို ရောင်းချသည်။

ယင်းအပြင် ထိုင်းနိုင်ငံမှဝင်သော မြဘုရားများနှင့်အတူ အခြား ပစ္စည်းများကိုရောင်းချသည်။ အမှတ်တရပစ္စည်းရောင်းချမှုတွင် အနည်းဆုံး ငွေကျပ် ၂၀၀ တန်မှ ၃၀၀၀၀ တန်အထိ ရှိကြောင်း သိရသည်။

**စိုးရွှေ**

## 1882 Hotline ဝန်ဆောင်မှုစတင်ဖွင့်လှစ်၊ သတင်းအချက်အလက်များမေးမြန်းနိုင်



**မန္တလေး ဒီဇင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Blue Ocean Operation Management Co., Ltd. တို့ပူးပေါင်း ဆောင်ရွက်သော 1882 Hotline ဝန်ဆောင်မှုဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၉ လမ်း၊ ၂၃လမ်းနှင့် ၂၄ လမ်းကြား သီရိမန္တလာဈေး ပထမထပ်၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌဒေါက်တာခင်မောင်ဌေး၊ မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မန္တလေးတိုင်းဒေသကြီး) မန်နေဂျာနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

1882 Hotline ဝန်ဆောင်မှု Mandalay Call Center ကို အစိုးရဌာနများနှင့် ပတ်သက်၍ အထွေထွေစုံစမ်းမေးမြန်းခြင်းများ ပြန်လည်ဖြေကြား အသိပညာပေးရန်၊ ရုံးဌာနများသို့ ကိုယ်တိုင်သွားရောက် စုံစမ်းရခြင်းကြောင့် အချိန်ကုန်ခြင်း အခက်အခဲများ လျော့ပါးသွားစေရန်၊ ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး လူနေမှုဘဝ ပုံစံများ ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ 1882 Hotline မှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာနှင့် အခြားဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများ၊ အထွေထွေစုံစမ်းမှုများ၊ အကြံပြုဆွေးနွေးခြင်းများ ၂၄ နာရီဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဥပဒေနှင့်ဆင်ခြင်တုံတရား

စာမျက်နှာ ၁၈ မှ

**ဆင်ခြင်တုံတရားအားကောင်းဖို့ဆိုလျှင်**

